# ဓာတ်ပေါင်းစုံ

# ဆရာတော် ဘဒ္ဒန္တ သီလဝန္တ

၏

## ထေရုပ္ပတ္တိအကျဉ်းနှင့် မြန်မာနှင့်ကမ္ဘာတွင် ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေး ဆောင်ရွက်ခြင်းလုပ်ငန်းများ။

၂၄၄၆၇

မာတိကာ ပေါင်းစုံ

# ဆရာတော် ဘဒ္ဒန္တ သီလဝံသ

၏

## ထေရုပ္ပတ္တိအကျဉ်းနှင့် မြန်မာနိုင်ငံကမ္ဘာတွင် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေး ဆောင်ရွက်ခြင်းလုပ်ငန်းများ။

စီစဉ်တင်ပြသူ
ဒေါ်မမမိန်

# စာအုပ်ဖြစ်မြောက်ရေးမှတ်တမ်း


စာမူကြိုတင်ခွင့်ပြုအမှတ် (   )


မျက်နှာဖုံးကြိုတင်ခွင့်ပြုအမှတ် (   )

| | | |
|---|---|---|
| အကြိမ် | ◉ | ပထမအကြိမ် |
| အုပ်ရေ | ◉ | ၅၀၀အုပ် |
| ထုတ်ဝေသည့်လ | ◉ | ၁၉၉၅ ခု ဇန်နဝါရီလ |
| တန်ဖိုး | ◉ | ဓမ္မဒါန |
| ဒီဇိုင်း | ◉ | ဦးထိပ်တင်ဝင်း |
| ဖလင် | ◉ | ဦးအောင်တင်အေးနှင့် သမီးများ |
| ကွန်ပျူတာ | ◉ | ဖိုးနစ် |
| စာအုပ်ချုပ် | ◉ | မောင်မြင့်လွင် |

အပြင်အဆင်


ဝေဒင်္ဂအုပ်စု

ဤစာအုပ်ကို မောင်ဒဂုန်(၁၀၀၉) စမ်းသီတာစာပေ အမှတ်၁၇၅၊ သိမ်ဖြူလမ်း၊ ကန်တော်ကလေးစာတိုက် ရန်ကုန်မြို့မှ ထုတ်ဝေပြီး အတွင်းမှ မျက်နှာဖုံးကို ဦးဝင်းဌေး (၄၈၃၉) ဝင်းထွန်းအော့ဖ်ဆက် ၊ အမှတ် ၃၇၊ ရေကျော်လမ်းမကြီး ရန်ကုန်မြို့က ပုံနှိပ်ပေးပါသည်။



ဓါတ်ပေါင်းရုံ

ဆရာတော် ဘဒ္ဒန္တ သီလဝန္တ



ဓါတ်ပေါင်းစုံ

ဆရာတော် ဘဒ္ဒန္တ သီလဝန္တ

## “နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ”

## အမှာ

ဓါက်ပေါင်းစုံဆရာတော်သည် ပင်လယ်တွင်ပိုက်ကွန်ချကာ ငါးဖမ်းသူများကဲ့သို့၊ ဝေးလံကျယ်ပြောလှသော ပင်လယ်တွင် ဗုဒ္ဓတရားဓမ္မကို ရှာလိုသူအား ရွှေကွန်ကိုဖြန့်၍ ကယ်တင်သူအဖြစ် မိမိကိုယ်မိမိ နှိုင်းထားပေသည်။

ဆရာတော် သည် တစ်နှစ်ခန့် ကာလအတွင်း၊ နိုင်ငံ (၆)နိုင်ငံမှ မြန်မာနိုင်ငံသို့ အပြန်ခရီးတွင် ဩစတြေးလျနိုင်ငံသို့ ကြွရောက်ရန် ရှိနေပြန်သည်။ ဆရာတော်အား မေတ္တာဓမ္မပိုက်ကွန်၏ လမ်းကြောင်းကို စတင်မြင်တွေ့နိုင်ပေသည်။

စေတီသစ် (၆)ဆူကို နေရာဌာနအသစ်များတွင် တည်ထားခဲ့ပေပြီးဖြစ်ပါသည်။ ဓါတ်ပေါင်းစုံဆရာတော်ကိုလည်း ဖူးတွေ့ခဲ့ကြရပါသည်။ ဆရာတော်နှင့်တွေ့ပြီးနောက် ထိုသူတို့သည် ဗုဒ္ဓဓမ္မအပေါ် သက်ဝင်ယုံကြည်မှုများ ကြီးထွားလာပါသည်။ တစ်ဦးချင်း၏ အတွင်းသဏ္ဍာန်၌ သက်ဝင်ယုံကြည်မှုသည် တဖြည်းဖြည်း စုစည်းလာသည်နှင့်အမျှ မကောင်းမှုတို့သည်လည်း ကင်းစင်ပပျောက်ကာ ရွှေစင်စစ်စစ်သို့ ရောက်ရှိလာပေမည်။

ဆရာတော်အား အကြိမ်ကြိမ် လျှောက်ထားတောင်းပန်မှုကြောင့် ဤထေရုပ္ပတ္တိအကျဉ်းကို၊ နိဗ္ဗာန်ရောက်ကြောင်း တရားတို့ကို ဆည်းပူးအားထုတ် နေသူတို့အတွက် အကျိုးရှိလိမ့်မည်ဟု ယုံကြည်သဖြင့် ရေးသားခွင့်ပြုပါသည်။

ဤစာအုပ် ထွက်ပေါ်လာရခြင်းမှာ အရှင်သဇ္ဈန၊ ဦးစိုင်းဟာ၊ ဒေါ်နုနုခင်၊ ဆစ်ဒနီမှ ဒေါက်တာ ပီရာချ် (Dr. P. Raj)နှင့် မိသားစု၊ ဒေးဗစ်ပူး(ချ်)(David Pooch)၊ ရွိုင်ရယ် အက်ဘော့(Royal Abbot)၊ ကင်အီးဒီး(စ)(Ken Eades)၊ အက်ရစ်ကာ ဂေါမင်း(Erica Gerrnan)၊ ဂျွန်ဂျက်ဆင်(John Jackson)၊ ဇူဆန် အိုမီအာရာနှင့်(Susan O ' Meara) ပက်ဗေးလီရန့် (Pat Valiant)တို့အား မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

ဩကလန်၊ နယူးဇီလန်
(၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလ)

## ဒုတိယအမှာ

တိုက်ကြီး (၃)တိုက်ရှိ၊ နိုင်ငံ (၅)နိုင်ငံတို့ကို ကြွရောက်ကာ စေတီ(၈)ဆူတည်ထားနိုင်ခြင်းမှာ ဆရာတော်၏ သွက်လက်သော ကွပ်ကဲကြီးကြပ်မှုတို့ကြောင့်ပင် ဖြစ်ပေသည်။ ဆရာတော်၏ ဆန္ဒအရ ၎င်း၏ထေရုပ္ပတ္တိကို ပြည့်စုံစေရန် ၁၉၈၈ခုနှစ်၊ ဩဂုတ်လအတွင်းက တည်ဆောက်ပြီးစီးခဲ့သော အင်္ဂလန်နိုင်ငံ၊ ဝေါဝိတ်မြို့ရှိ **“အင်္ဂလိပ်ရွှေတိဂုံ”** စေတီတော်၏ မှတ်စုအကျဉ်းကို ထည့်သွင်းဖော်ပြပါမည်။

ကျွန်ုပ်တို့သည် လွန်ခဲ့သောနှစ်များက အရှင်သွန်လာလန်နှင့် ဆရာတော် ဦးသီလဝန္တ တည်ဆောက်ခဲ့သည့် ထိုင်းနိုင်ငံ၊ ပသမ်သာနီ၊ သံဘွန်းဘိုင်နဲ့ရှိ ဓာတ်စေတီဟင်း (Wat Chedi Hey) အကြောင်းနှင့် တည် ခဲ့သူဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ထည့်သွင်းထားပါသည်။

ဗန်ကောက်၊ ထိုင်းလင်း။
(၁၉၈၈ ခုနှစ်၊ ဇန်နဝါရီလ)

## တတိယအမှာ

ဓါတ်ပေါင်းစုံဆရာတော် ဦးသီလဝန္တ၏ ထေရုပ္ပတ္တိနှင့် မြန်မာနိုင်ငံတွင်းနှင့် ကမ္ဘာတွင် သာသနာပြုလုပ်ငန်းများကို ယခုကဲ့သို့ ရေးသားပြုစုရပါလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ။ လွန်ခဲ့သော (၈)နှစ်ခန့်၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း (ဝင်ဒါမီယာ)ရှိ၊ ဓါတ်ပေါင်းစုံဘုရားဖူးရင်း ဆရာတော်ကြီးကို ဖူးတွေ့ခဲ့ရပါသည်။ ဆရာတော်ကျောင်းတော်သို့ ရောက်သည့်အခါ၊ ရောင်စုံဓါတ်ပုံ အတော်များများ ချိတ်ထားသည်ကို သတိပြုခဲ့ပါသည်။ ထိုဓါတ်ပုံများသည် ဓါတ်ပေါင်းစုံဆရာတော်ကြီး၊ ၁၉၅၈ခုနှစ်မှစ၍ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့တွင် ဘုရားတည်ခြင်း၊ တရားဓမ္မပြဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည့် ဓါတ်ပုံများ ဖြစ်နေပါသည်။

ကျွန်မသည် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းတွင် [illegible]

မိပါသည်။ မကြာခဏဆိုသလို ဓါတ်ပေါင်းစုံဆရာတော်ထံ ရောက်ပါသည်။ ဆရာတော်သည် မွန်လိုဝဲသည်၊ စကားကိုလည်း တိုတိုတုပ်တုပ်ပြောသည်။ ကျွန်မ ဆရာတော်ကျောင်းသို့ ပထမအကြိမ်ရောက်သည့်နေ့ကို အမြဲသတိရ မှတ်မိနေပါမည်။ ဆရာတော်က ကျွန်မအား

"ဘယ်လာသလဲ" ဟုမေးပါသည်။

"တပည့်တော် ရုံးကလာပါသည်၊ ပညာရေးဌာနကပါဘုရား"

ဟု ဖြေဆိုလိုက်ရာ ဆရာတော်က

"ပညာဆိုတာအရေးကြီးတယ်၊ ဆရာဆိုတာ အနန္တဂိုဏ်းဝင်ဖြစ်တယ်၊ ဆရာလိုနေတတ်မှ ဆရာဖြစ်တယ်၊ မနေတတ်ရင် ဆရာဟုတ်ကိုမဟုတ်ဖူး၊ ကဲသွားရော့"

ဟု မိန့်တော်မူလိုက်ပါတယ်။

သည့်နောက်ပိုင်းတွင် ရုံးပိတ်ရက်၊ ဥပုသ်နေ့နှင့်ဆုံတိုင်း ဆရာတော်ထံ သီလသွားယူလေ့ရှိပါသည်။ တဖန် နှစ်စဉ်ကျင်းပရလေ့ရှိသော ဓါတ်ပေါင်းစုံဘုရား၊ ဗုဒ္ဓပူဇနီယပွဲတော်အတွက် ဝိုင်းဝန်းဒါနလုပ်အား လှူခဲ့ပါသည်။ ပွဲတော်အပြီးတွင် ကျွန်မက ဆရာတော်အား နိုင်ငံခြားတွင် ဆောင်ရွက်ခဲ့သော သာသနာ ထွန်းကားပြန့်ပွားရေး ဆောင်ရွက်ခဲ့ပုံများကို အမိန့်ရှိပါဟု တောင်းပန်လျှောက်ထားရာ ဆရာတော်က "A short biography of the Venarable Sayadaw U Thilawunta Abbot of the Dat Pon Zon Aung Min Gaung Monastery" စာအုပ်ကိုပေးပြီး၊

"အင်္ဂလိပ်လိုဖတ်ကြည့်၊ ဒါတွေသိရမယ်၊ ကဲ စာအုပ်ယူသွား"

ဟု အမိန့်ရှိလေသည်။ စာအုပ်ကို ရရှိထားသော်လည်း အကြမ်းမျှ ဖတ်ကြည့်လိုက်မိလေသည်။ ထို့နောက် စာအုပ်ကို ခဏခဏ ဖတ်လိုက်၊ မှတ်လိုက်နှင့် လေ့လာမိသည်။ ဗုဒ္ဓသာသနာတော်ကြီးအတွက် အလွန် အားတက်စရာ အကြောင်းအရာများ ပါဝင်သည်ကို လေ့လာမိပါသည်။ ထို့ကြောင့် ဆရာတော်ကြီးအား ဤအကြောင်းအရာများကို နိုင်ငံခြားတိုင်းတစ်ပါးက သိကြပါပြီ၊ မြန်မာနိုင်ငံရှိ၊ ရဟန်းရှင်လူ၊ ပြည်သူများလည်း သိသင့်ကြောင်း လျှောက်ထားရာ ဆရာတော်က

"ရေးချင်ရေး၊ မရေးချင်နေ၊ ရေးရင်မှန်ပါစေ"

ဟု အမိန့်ရှိခဲ့ရာ၊ ကျွန်မလည်း ထိုနေ့မှစ၍ စာအုပ်တွင်ပါဝင်သော မရှင်းလင်းသည့် အချက်အလက်များကို ဆရာတော်အား မေးမြန်းခဲ့ပါသည်။ ဆရာတော်၏ ခရီးသွားမှတ်တမ်းကိုလည်း လေ့လာခဲ့ပါသည်။

ဆရာတော်ဘုရားသည် ရောက်သည့်နေရာတိုင်းတွင် လေ့လာရှုစမ်းခြင်း၊ အချိန်ရတိုင်း တရားဘာဝနာကို ဒွဲ၊ လုံ့လ၊ ဝိရိယဖြင့် အားထုတ်ခြင်း တောတောင်၊ လှိုဏ်မြောင်အထပ်ထပ်ကို ဖြတ်ကျော်၍ တန်ခိုးကြီးဆံတော်ရှင် မြတ်တို့တွင် မတွန့်မဆုတ်၊ အဓိဋ္ဌာန်ဖြင့် တရားအားထုတ်ခြင်း၊ မြန်မာနိုင်ငံအတွင်း ရှေးဟောင်းစေတီတော်များ မြတ်စွာဘုရား ရုပ်ပွားတော်များ၊ ဝတ်ကျောင်းတော်နှင့် ရှေးမြန်မာ့ ဗိသုကာ အနုပညာလက်ရာများကို မွမ်းမံပြင်ဆင်၊ ထီးတော်နှင့် စိန်ဖူးတော်များ တင်ခြင်း၊ နိုင်ငံခြားတွင်လည်း အင်္ဂလိပ်ဘာသာစကားကိုမတတ်ဘဲ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အင်္ဂလန်၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံများတွင် ဗုဒ္ဓစေတီတော်များ တည်ခဲ့ခြင်း၊ ဗုဒ္ဓနုဿတိ ဘာဝနာပွားနည်းများကို သင်ကြားလေ့ကျင့်ပေးခြင်း ရှင်သာမဏေ ပြုပေးခြင်း၊ ရဟန်းခံပေးခြင်း၊ ဗုဒ္ဓသာသနာကြီး ထွန်းကားပြန့်ပွားစေရန် နိုင်ငံခြားသားများဖြစ်သော ဦးအနန္တဗောဓိ၊ ဦးဗောဓိနန္ဒီနှင့် ဦးပညာနန္ဒီတို့အား ထေရဝါဒ ဗုဒ္ဓတရားတော်မြတ်ကို အနီးကပ် သင်ကြားလေ့လာစေခြင်း၊ ဆရာတော်သည် (၂)ကြိမ်တိုင်တိုင်၊ ဗုဒ္ဓဂါယာ သတ္တဌာနတွင် (၄၉)ရက်လုံးလုံး အဓိဋ္ဌာန်ပြုကာ ဒွဲ၊ လုံ့လ၊ ဝိရိယဖြင့် တရားအားထုတ်ခဲ့ခြင်းတို့ကို ကြည်နူးဝမ်းမြောက်စေရန် စေတနာထက်သန်စွာဖြင့် စုစည်းတင်ပြလိုက်ပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေးတွင် အဖက်ဖက်မှ ဝိုင်းဝန်း ကူညီခဲ့သော ဆရာကြီး ဦးတင်အောင်၊ ဦးမြင့်ကြည် (အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ထားသော ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိကို ဘာသာပြန်ပူဇော်သော စာရေးဆရာ)၊ ဦး အောင်ရွှေဦးတို့အား လည်းကောင်း၊ စာမူကို ဝိုင်းဝန်းဖတ်ကြားပေးသူ ဦးဝင်းလှိုင် (ဘီအီးဒီ) နှင့် မစန်းစန်းကျော်တို့အား လည်းကောင်း၊ အထူးကျေးဇူးတင်ပါသည်။

ဤစာအုပ်ဖြင့် ပါရမီကောင်းခြင်း၊ စေတနာသဒ္ဓါတရား ထက်သန်ခြင်း၊ ဝိရိယဓါတ်တို့ ထက်မြက်အားကောင်းခြင်း စသောဝိသေသဖြင့် ပြည့်စုံတော်မူသော ဓါတ်ပေါင်းစုံဆရာတော်ကြီး ဦးသီလဝန္တအား ပူဇော်ကန်တော့ပါသည်။

## ဖွားမြင်ခြင်း။

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ဓါတ်ပေါင်းစုံကျောင်းတိုက် ဆရာတော် ဦးသီလဝန္တသည် မြန်မာနိုင်ငံ၊ မွန်ပြည်နယ်၊ ကျိုက္ခမိမြို့နယ်၊ ဝဲကလောက်ရွာတွင် ဗုဒ္ဓသာသနာတော် ၂၄၅၆ခုနှစ်၊ မွန်မြန်မာခုနှစ် ၁၂၇၄ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ (၁၉၁၂ခုနှစ်၊ ဇွန်လ ၂၈ရက်)၊ သောကြာနေ့ (၁၀)နာရီ၊ (၁၅)မိနစ်အချိန်တွင် ဖွားမြင်ခဲ့ပါသည်။

ဆရာတော်သည် အဘဦးညိမ်း၊ အမိ ဒေါ်တစ်တို့၏ တတိယမြောက်သားဖြစ်ပြီး၊ ငယ်နာမည်မှာ ဘိုးတာရာ ဖြစ်ပါသည်။ ငယ်စဉ်က လယ်ယာပိုင်ရှင်များ ဖြစ်ကြသော အဖိုးဦးညို၊ အဖွားဒေါ်ပိုးတို့နှင့် အတူနေပြီး၊ အဘိုးအဖွားများ လှူဒါန်းထားသော ဘုန်းတော်ကြီးကျောင်းသို့ အမြဲလိုက်ပါပြီး၊ ဝတ်ကြီးဝတ်ငယ် ပြုခဲ့သည်။ ထိုကျောင်းတွင်ပင် ၁၂၈၁ခု၊ ကဆုန်လဆန်း (၁၀) ရက်၊ ကြာသပတေးနေ့၊ နံနက် (၉)နာရီ မှစတင်၍ ကျောင်းသားအဖြစ် လောကီ၊ လောကုတ္တရာပညာရပ်များကို ဆည်းပူး လေ့လာခဲ့ပါသည်။

## ရှင်သာမဏေပြုခြင်း

မွန်မြန်မာသက္ကရာဇ် ၁၂၈၈ခု၊ နယုန်လဆန်း (၁၀)ရက်နေ့၊ (၂၁–၅–၁၉၂၆) ရက်၊ သောကြာနေ့နံနက် (၈)နာရီ၊ (၃၀)မိနစ်အချိန်တွင် မိဘနှစ်ပါးနှင့် အဘိုးအဖွားတို့၏ ပစ္စယနုဂ္ဂဟဖြင့်၊ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့၏။ မိဘ၊ ဘိုးဘွားများ ကိုးကွယ်သည့်ကျောင်း၌ပင် (၆)နှစ်တိုင်တိုင် ဝါစာလိုက်ခဲ့၏။

## ရဟန်းပြုခြင်း

မွန်မြန်မာသက္ကရာဇ် ၁၂၉၄ခု၊ ကဆုန်လဆန်း (၁၁)ရက်နေ့၊ (၁၅–၅–၁၉၃၂) တနင်္ဂနွေ၊ နေ့လည် (၁) နာရီ၊ (၁၅)မိနစ်တွင် ကျိုက္ခမိမြို့နယ်၊ ဝဲကလောင် သိမ်တော်ကြီးတွင် ဝါတော် (၄၀)ရှိ၊ ကျော်ရွာဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ ပထမ ကမ္မဝါစာဆရာတော်သည်၊ ဝါတော် (၃၂)ဝါရှိ၊ ဆဲခဲဆရာတော် ဖြစ်၏။ ဒုတိယ ကမ္မဝါစာဆရာတော်သည်၊ ဝါတော် (၂၂)ဝါရှိ တော်လီဆရာတော်ဖြစ်ပြီး တတိယကမ္မဝါစာဆရာတော်သည် ဝါတော် (၁၆)ဝါရှိ ထင်းရှူးတောဆရာတော်ဖြစ်၏။ ကာရကသံဃာ (၅)ပါး ပါဝင်ခဲ့၏။ ရဟန်းဘွဲ့တော်မှာ ဦးသီလဝန္တဖြစ်၏။

ဆရာတော်သည် ရဟန်းခံပြီးနောက်၊ ဝဲကလောင်ရွာ၊ ထန်းတစ်ပင်ကျောင်းတွင်၊ ပထမဆုံးဝါဆိုရင်း၊ စာပေကျမ်းဂန်တို့ကို လေ့လာခဲ့သည်။ ၁၂၉၅ခုနှစ်မှ ၁၂၉၆ခုနှစ်အထိ၊ အံခဲကျောင်းတွင် စာပေပရိယတ္တိကို နှစ်ဝါတိုင်တိုင် လေ့လာသည်။ ထို့နောက် ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ တော်ကနာရွာတိုက်ကျောင်းကြီးတွင် (၃)နှစ်ကျော်ကြာ စာဝါလိုက်ခဲ့၏။ တဖန် ၁၃၀၀ပြည့်နှစ်တွင် မန္တလေးမြို့၊ ဘုရားကြီးကျောင်းတိုက်တွင် ဆရာတော်ဦးနာရဒ၊ အလယ်တိုက်ကျောင်း ဆရာတော်ဦးအာရိယနှင့် အောင်မြေဘုံစံကျောင်း ဆရာတော် ဦးပညိန္ဒတို့ထံ ပိဋကတ်ကျမ်း၊ ပေါက်စာဝါတို့ကို (၃)နှစ်ကျော်လိုက်ခဲ့၏။

ထိုသို့ စာဝါလိုက်နေစဉ် မန္တလေး၌ အဓိကရုန်း ဖြစ်ပွားခြင်း၊ ရောဂါဆိုးများ ဖြစ်ပွားခြင်းတို့ကြောင့် ရန်ကုန်ကြွခဲ့၏။ ဓါတ်ပေါင်းစုံဆရာတော် ဦးသီလဝန္တသည် သက်တော် (၂၉)နှစ်ကျော်၊ ဝါတော် (၁၀)နှစ်အရွယ်ကပင် မြန်မာနိုင်ငံအတွင်း ဘုရားကျောင်းကန်၊ စေတီပုထိုးများ၊ တည်ဆောက်ပြုပြင်မွမ်းမံ၊ ထီးတော်တင်ခြင်းလုပ်ငန်းကို စတင် ဆောင်ရွက်ခဲ့လေသည်။

ဓါတ်ပေါင်းစုံဆရာတော်သည် ဘုရားကျောင်းကန်၊ စေတီပုထိုးများ တည်ဆောက်မွမ်းမံ၊ ထီးတော်တင်ခြင်းသည် မြတ်စွာဘုရား၏ သာသနာတော်ကို အစဉ်တစိုက် ထွန်းကားပြန့်ပွားစေသည့် အလုပ်များတွင် မှန်မြတ်သည့် ဆောင်ရွက်ချက်တစ်ခု ဖြစ်သည်ဟု မိန့်ပါသည်။ စေတီပုထိုးများ တည်ဆောက်ရာ၌ အုတ်ကျောက်၊ ဘိလပ်မြေ၊ ထုံး စသည်တို့ကို အသုံးပြုလျက် အလွန်ခိုင်ခန့်သည့်စေတီ ဖြစ်လာပါသည်။ ဘုရားရှင်ကိုယ်တော်မြတ်၏ ဓါတ်တော်၊ မွေတော်မြတ်တို့ကို စေတီအတွင်း ကိန်းအောင်းစေခြင်းဖြင့် ရဟန်းရှင်လူ ပြည်သူ

အများတို့ကို ကြည်ညိုသဒ္ဓါ ထပ်တလဲလဲပွားများပြီး တရားအားထုတ်ရာ မြင့်မြတ်သော ဌာနဖြစ်လာပါသည်။ ထို့ကြောင့် ရှေးအစဉ်အဆက် ကိုးကွယ်လာသည့် ဘုရားကျောင်းကန်၊ စေတီပုထိုးတို့ကို မွမ်းမံခြင်းသည် မွန်မြတ်လှကြောင်း၊ ရှေးဟောင်း အနုပညာ ယဉ်ကျေးမှုတို့ကိုလည်း ထိန်းသိမ်းရာ ရောက်ကြောင်း မိန့်ဆိုပါသည်။

စေတီပုထိုး တည်ဆောက်ရာတွင် အသုံးမဝင်သော အုတ်ကျိုး၊ အုတ်ပဲ့များတို့ကို ပါယ်ဖျက်ရာ၏။ ထိုပါယ်သော အုတ်ကျိုးများသည် လူတို့တက်နင်းစေသော အရာများသာ ဖြစ်လာသည်။ ကျွန်ုပ်တို့ တစ်နေ့တာသည် အပြစ်အနာအဆာကင်းသော လုပသည့် ဘုရားတည်ရန် အုတ်ဖြစ်သကဲ့သို့၊ မိမိအတွင်းသဏ္ဍာန်တွင်လည်း ရွှေစေတီကို တည်ကြပါဟု မှာကြားပါသည်။ အန္တရာယ်လည်းကင်း၊ ဆေးရှင်းဖြစ်ကြပါမည်တဲ့၊ ဆရာတော်မှာကြားခြင်းများသည် ကျွန်ုပ်တို့အတွက် နှလုံးသွင်းမှတ်သားစရာပင် ဖြစ်လေသည်။ ထို့နောက် မန္တလေးမှ ရန်ကုန်သို့ကြွလာရာ ရန်ကုန်တွင်လည်း ဆေးဆိုးကပ်ဆိုးများကို ကြုံတွေ့နေရသည်ကို အကြောင်းပြု၍ သတ္တဝါများ အန္တရာယ်အမျိုးမျိုးမှ ကင်းငြိမ်းစေရန် မေတ္တာရှေ့ထားလျက်၊ ရွှေတိဂုံစေတီတော်ကြီး၏ ဒုတိယပစ္စယံရာဟုဒေါင့်ရှိ **"ပြည်လုံးချမ်းသာ"** ဘုရား (ယခု ပုံတူဘုရား) ကို ၁၃၀၃ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ (၂-၁၁-၁၉၄၁) တနင်းလာနေ့တွင် ထီးတော်တင်ခဲ့သည်။ ဆုတောင်းပြည့်ကပ်ကျော်ဘုရားဟု ခေါ်တွင်စေခဲ့သည်။ ဤကောင်းမှုကုသိုလ်သည် ဆရာတော်ဘုရား၏ ပထမဆုံး အောင်မြင်ခြင်းဖြစ်ပေသည်။

## ပဲခူးရွှေဂူကြီးဘုရားတွင် အဓိဋ္ဌာန်ဝင်ခြင်း

ဆရာတော်သည် တရားဘာဝနာ ပွားများနိုင်ရန်အလို့ငှာ ၁၃၀၃ခုနှစ်၊ ပြာသိုလဆန်း (၇)ရက်၊ (၂၆-၁၂-၁၉၄၁) သောကြာနေ့ညနေ (၄)နာရီတွင် ရန်ကုန်မှ ပဲခူးသို့ ခြေလျင်ခရီးနှင်ခဲ့ရာ၊ ရွှေဂူကြီးဘုရားသို့ နောက်တစ်နေ့နံနက် (၄)နာရီတွင် ရောက်လေသည်။ ရွှေဂူကြီးဘုရားတွင် အဓိဋ္ဌာန် (၂၇)ရက် ဝင်ခဲ့သည်။ အဓိဋ္ဌာန်အောင်မြင်ပြီးနောက် ရထားဖြင့် မော်လမြိုင်သို့ ကြွခဲ့သည်။ ဇင်းကျိုက်သို့ရောက်သော အခါ ဆင်းနေခဲ့ပြန်သည်။ ဇင်းကျိုက်မှ ကားဖြင့် မုတ္တမသို့ ခရီးဆက်ခဲ့ပြန်သည်။ မုတ္တမသို့ အရောက်တွင် ဆရာတော်စီးနင်းလိုက်ပါခဲ့သော ရထားမှာ ဗုံးသင့်ကြောင်း သိရသည်။ ဆရာတော်၏ တန်ခိုးတော်ကြောင့် ဗုံးဒဏ်မှ လွတ်ကင်းခဲ့ကြောင်း ဆရာတော်၏ မှတ်တမ်းတွင် ဖတ်ရှုခဲ့ရ၏။ တဖန် မုတ္တမမှ ကရုပ္ပိတောင်ပေါ်ကျောင်းတွင် ခေတ္တသီတင်းသုံးလေသည်။ ထိုဒေသတစ်ဝိုက် အင်္ဂလိပ်တပ်များ ဆုတ်ခွာခြင်း၊ လူအပေါင်း အိုးပစ်အိမ်ပစ်၊ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်း တံတားစသည့် အဆောက်အဦးများ ပျက်စီးခြင်းနှင့် ကြုံတွေ့ရ၍ (၇)ရက်သားသမီးများနှင့် သတ္တဝါများ ချမ်းရစေဖို့ မေတ္တာပို့သခြင်း၊ တရားရေအေး တိုက်ကျွေးခြင်းတို့ကို ပြုလုပ်ခဲ့၏။ ၁၃၀၄ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်၊ အင်္ဂါနေ့တွင် ဆရာတော်သည် ရဟန်းသံဃာ အဖော်တစ်စုနှင့် မော်လမြိုင်မှ ရန်ကုန်သို့ ခြေလျင် ကြွလာခဲ့သည်။ လမ်းတွင် (၇)ရက် သားသမီးများနှင့် သတ္တဝါများအား မေတ္တာပို့ခြင်း၊ တရားရေအေး တိုက်ကျွေးခြင်းများကို ပြုခဲ့ကြ၏။ (၁၅)ရက်တာခရီးတွင် ဖြစ်သလိုနေလာခဲ့ကြ၏။ ရန်ကုန်သို့ ရောက်လာပြန်သော်လည်း၊ နေရာဌာန အခက်အခဲကြောင့် မော်လမြိုင်သို့ ကြွပြန်သည်။ ထိုမှတစ်ဆင့် အောက်သို့ကြွ၍ ဖားအောက်တိုက်ကျောင်းတွင် ဂျပန်ခေတ် တစ်ခေတ်လုံး (၄)ဝါတိုင်တိုင် တရားဘာဝနာ ပွားများအားထုတ်ခဲ့၏။

၁၃၀၈ခုနှစ်၊ ကဆုန်လဆန်း (၃)ရက်၊ သောကြာနေ့တွင် ဖားအောက်မှ ရန်ကုန်သို့ ကြွလာပြန်သည်။ ထိုအချိန်တွင် ဒကာကြီး ဦးခင်မောင်ကြီးနှင့် ဇနီးဒေါ်ခင်သန်း၊ ညီမများဖြစ်သော ဒေါ်ခင်အေးနှင့် ဒေါ်ဘီဘီ၊ ချင်းချောင်း၊ အဲဗင်းနယူးလမ်းထိပ်နေ ဦးဘ၊ ဇနီးဒေါ်ဖွားမေ၊ သားသမီးတစ်စုက ဝါးကျောင်းတစ်ကျောင်း လှူဒါန်းခဲ့ရာ ဆရာတော်သည်၊ ရသေ့တောင်ဆရာတော်၊ တောင်ကြီးဆရာတော်နှင့် အခြားသံဃာ (၃)ပါးနှင့်အတူ ဝါဆိုခဲ့ကြသည်။

တဖန် လောင်းဝစ်လမ်းနေ ဒေါက်တာဘရင်က ကျောင်းငယ်တစ်ကျောင်း လှူဒါန်းပြန်ရာ ထိုကျောင်းတွင် သီတင်းသုံးကြပြန်သည်။ ၁၃၀၉ ခုနှစ်၊ ကဆုန်လဆန်း (၆)ရက်၊ (၂၅-၆၊ ၁၉၄၇) သောကြာနေ့တွင် ခုနှစ်ရက်သားသမီးများ လှူဒါန်းခဲ့သောငွေဖြင့် ကပ္ပလီကွက်သစ်၌ ဝါးကျောင်း တစ်ကျောင်းတွင် သံဃာတော် (၈)ပါးနှင့်အတူ ဝါဆိုခဲ့ကြသည်။ ထိုအချိန်တွင် ဆရာတော်နှင့် သံဃာတော်များသည် မေတ္တာဘာဝနာ ပွားများခြင်း၊ တပည့်ဒါယကာ၊ ဒါယိကာမများအား တရားအားထုတ်ခြင်းများ ပြုစေ၏။ ဝေဒနာရှင်များကိုလည်း တရားရေအေးများ တိုက်ကျွေးခြင်းဖြင့် ချမ်းသာရာ ရစေခဲ့၏။ ဆရာတော်သည် တစ်ဝါတွင်းလုံးလည်း ဆွမ်းဘုန်းမပေးဘဲ စစ်တပ်မှ

ပို့သော ပဲလှော်၊ ပဲကျော်၊ ထန်းလျက်၊ ရေနွေးတို့ကိုသာ ဘုန်းပေးခဲ့၏။

## မန္တလေး မဟာမြတ်မုနိ ဘုရားတွင် အဓိဋ္ဌာန်ဝင်ခြင်း

ဆရာတော်သည်၊ ကပ္ပလိကွက်သစ်၊ ဝါးကျောင်းတွင် ဝါဆိုပြီးနောက် ၁၃၀၉ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀)ရက်၊ သောကြာနေ့မှစ၍ မန္တလေး မဟာမြတ်မုနိဘုရားတွင် အဓိဋ္ဌာန်ဝင်လေသည်။ အဓိဋ္ဌာန်ဝင်နေစဉ် "ဘိုးပိန်" နှင့် တွေ့ဆုံခဲ့၏။ ဆရာတော်သည် အဓိဋ္ဌာန်ဝင်နေစဉ် ဘိုးပိန်နှင့်အတူ ဘုရားတရားတော်များအကြောင်း လောကီ၊ လောကုတ္တရာအကြောင်းတို့ကို ဆွေးနွေးခဲ့၏။ စရဏအားကောင်းရန်လိုကြောင်း၊ တရားဘာဝနာ ပွားများအားထုတ်ရာတွင် သေဘို့ပင် မကြောက်သင့်ကြောင်းကိုလည်း မှာကြားသည်ဟု သိရပါသည်။ အဓိဋ္ဌာန်လည်း အောင်မြင်ထမြောက်ခဲ့ပါသည်။

## ပုပ္ပါးတောင်ကလပ်သို့ကြွခြင်း၊

ဆရာတော်သည် မဟာမြတ်မုနိဘုရားတွင် အဓိဋ္ဌာန်အောင်မြင်ပြီးသည့်အခါ ပုပ္ပါးသို့ ခရီးဆက်ပြန်သည်။ လမ်းတွင်ဓါတ်ပုံဆိုင်ပိုင်ရှင် ဦးဘအုန်းနှင့် တွေ့ခဲ့ပြန်သည်။ ဦးဘအုန်းနှင့်အတူ ပုပ္ပါးသို့ ကြွခဲ့၏။

ဆရာတော်သည် ပုပ္ပါးတွင် အဓိဋ္ဌာန်အောင်မြင်ပြီးနောက် ရန်ကုန်သို့ အပြန်တွင် ပုဂံ၊ ညောင်ဦး၊ ချောက်၊ ရေနံချောင်း၊ ပြည် စသည့်မြို့များရှိ တန်ခိုးကြီးဘုရားများကို ဖူးမျှော်ခဲ့၏။

## ကျိုက်ထီးရိုးဘုရားတွင် အဓိဋ္ဌာန်ဝင်ခြင်း

ဓါတ်ပေါင်းစုံဆရာတော်သည် ၁၃၀၉ခု၊ တပို့တွဲလပြည့်နေ့တွင် ကျိုက်ထီးရိုးဘုရားသို့ကြွ၍ အဓိဋ္ဌာန်ဝင်ခဲ့၏။ မီးထွန်းချိန်မှစ၍ တစ်ညလုံး မီးမငြိမ်းစေဘဲ ဘုရားကိုပူဇော်ရင်း မအိပ်မနေ ကြိုးစားကာ၊ ပြင်းပြင်းထန်ထန် အဓိဋ္ဌာန်ဝင်ခဲ့၏၊ အဓိဋ္ဌာန်အောင်မြင်ခဲ့၏။

ထိုမှတစ်ဆင့် အလွန်နက်ရှိုင်းသော တောတောင်ကိုဖြတ်၍ ကေလာသဘုရား၊ ကေလာသဖဘုရား၊ မြသပိတ်ဘုရား၊ ကျိုက္ကမိရေလယ်ဘုရား၊ ပေ (၇၈၂၁)မြင့်သော၊ မူလအစ်တောင်ပေါ်ရှိ အလောင်းတော် ကဿဖဘုရားများသို့ အဓိဋ္ဌာန်ဖြင့် ဖူးမျှော်ကြည်ညိုခဲ့သည်။


၁၃၀၉ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်၊ (၁၉-၃-၁၉၄၇) ရက်နေ့မှစတင်၍ ဖားအောက်ကျောင်းတိုက်ကြီးတွင် ပျက်စီးယိုယွင်းနေသော ရှေးဘုရားတစ်ဆူကို ပြုပြင်မွမ်းမံသည်။ (၇)ရက် သားသမီးများ ဒါနမြောက်စေရန်၊ သဒ္ဓါကို အမိကထားပြီး တစ်ဦးလျှင် ကိုးပြား၊ ကိုးမူး၊ ကိုးမတ်၊ ကိုးကျပ် သတ်မှတ်ခဲ့ပြီး၊ ကဆုန်လဆန်း (၇)ရက်၊ (၁၄-၃-၁၉၄၇)နေ့တွင် အောင်မြင်စွာ မွမ်းမံပြီးစီးခဲ့သည်။ ဆရာတော်ဘုရားကြီး၏ ဒုတိယမွမ်းမံသည့်ဘုရား ဖြစ်သည်။

ဆရာတော်သည် ၁၃၁၀ပြည့်နှစ်၊ ကဆုန်လဆန်း (၁)ရက်၊ သောကြာနေ့တွင် ဖားအောက်မှ ရန်ကုန်သို့ ပြန်ကြွခဲ့၏။ ကပ္ပလိကွက်သစ်ရှိ ဝါးကျောင်းတွင် ခေတ္တသီတင်းသုံးလေသည်။ ထိုမှတဖန် ဆရာဦးမောင်မောင်လေး၊ ဇနီးဒေါ်သန်း၊ သမီးဒေါ်စောရီနှင့် သားသမီးတစ်စုတို့က ဝါးကျောင်းတစ်ကျောင်း လှူဒါန်းကြပြန်သည်။ ဆရာတော်သည် ထိုတောင်ကုန်းပေါ်တွင် သဲပုံစေတီ အမြောက်အမြား တည်ထားခဲ့၏။ ဘုရားငယ်နှစ်ဆူကိုလည်း တည်ထားခဲ့၏။ ဝါးကျောင်းတွင် တစ်ဝါဆိုနေစဉ် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် နေ့စဉ်နံနက်တိုင်း အဓိဋ္ဌာန်ဖြင့် အာရုံပြုကာ ကြည်ညိုလေသည်။


## ဓါတ်ပေါင်းစုံ ရှေးဟောင်းဘုရားငုံတည်ခြင်း

၁၃၁၀ပြည့်နှစ်၊ သီတင်းကျွတ်လကွယ်နေ့တွင်၊ ဒကာကြီးဦးဖိုးဝက်က ဆရာတော်အား ကထိန်အလှူကြွပါရန် ပင့်လျှောက်လေသည်။ အလှူနေ့တွင် ဒကာကြီးဦးဖိုးဝက်က ၎င်း၏ခြံအတွင်း ရှေးဟောင်းဘုရား ငုတ်တိုတစ်ဆူရှိကြောင်း၊ ရှေးဟောင်းအုတ်ချပ်များလည်း ရှိနေပြီး ဘုရားငုတ်တိုမှာ ရောင်ခြည်တော် ကွန့်မြူးနေကြောင်း၊ ပတ်ဝန်းကျင်မှ ပြောပြ၍သိရကြောင်း လျှောက်ထားလေသည်။


ဆရာတော်သည် နတ်တော်လဆုတ်တွင် ပုပ္ပါးမှ ရန်ကုန်သို့ ပြန်ကြွလာလေသည်။ ဘုရားအား ငုံတည်ရန် အမိန့်ရခဲ့ကြောင်း သတင်းကောင်းကို ဦးဘိုးဝက်အား ပြောပြ၏။ ထိုအခါ မြေပိုင်ရှင် သူဌေးကြီး၊ ချန်မဖီး ဒေါ်အေးမြနှင့် သားသမီး၊ မြေး၊ မြစ်တစ်စု၊ ဒကာကြီး ဦးဖိုးဝက်တို့ကနေပြီး ယခုအခါ ဓါတ်ပေါင်းစုံဘုရား တည်ရှိရာတွင် မြေဧက (၅)ဧကကို ဆရာတော်အား ဝတ္တကမြေအဖြစ် ၁၃၁၀ပြည့်နှစ် ကဆုန်လပြည့်နေ့၊ (၁၃-၁-၄၉) နေ့တွင် လှူဒါန်းကြပါသည်။ ဆရာတော်ဦးသီလဝန္တ ကြီးမှူး၍ ဘုရားတကာကြီး ဦးဖိုးဝက်၊ ပန်ရံဆရာ ဦးဘမောင်တို့ကို



ဓါတ်ပေါင်းစုံ စေတီတော်ကို ဖူးတွေ့ရစဉ်



တိုင်ပင်ကာ ၁၃၁ဝပြည့်နှစ်၊ ပြာသိုလပြည့်နေ့၊ (၁၃-၁-၄၉)ရက်၊ ကြာသပတေးနေ့၊ နံနက် (၉)နာရီတိတိတွင်၊ ပန္နချခဲ့ကြ၏။ ရှေးဓါတ်တော်၊ မွေတော်များနှင့် ဆရာတော် ရရှိထားသော ဓါတ်တော်မွေတော်များကို စုပေါင်း ဌာပနာထားသည့် ဘုရားဖြစ်သောကြောင့် **"ဓါတ်ပေါင်းစုံဘုရား"** ဟု **တွင်စေပါသည်။ ဓါတ်ပေါင်းစုံဘုရားကို စေတီရံအဆူ (၂ဝ) ခြံရံထားပါသည်။** ဘုရားတကာကြီး ဦးဖိုးဝက်၊ ညီအစ်ကို



မောင်နှမတစ်စု၊ ဆွေမျိုးတစ်စုနှင့် (၇) ရက်သားသမီးများ ဒါနကုသိုလ်၊ အဖက်ဖက်မှ လုပ်အား ကုသိုလ်ဖြင့် ဓါတ်ပေါင်းစုံစေတီတော်ကို တည်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ဆရာတော်သည် ဓါတ်ပေါင်းစုံဘုရား၏ မြောက်ဘက်ရှိ ညောင်ပင်အောက်တွင် အမိုး၊ အကာ၊ သယ်န်း၊ ယိုင်ဖတ်တို့ဖြင့် မိုးမလုံ့တလုံ့ သီတင်းသုံး နေတော်မူသည်။

## ပထမအကြိမ် ပထမခရီး (သီဟိုဠ်နှင့် အိန္ဒိယနိုင်ငံ)


သာသနာသက္ကရာဇ် ၂၄၉၅၊ မွန်မြန်သက္ကရာဇ် ၁၃၁၃ခုနှစ်၊ တပေါင်းလဆုတ် (၇)ရက် (၁၇-၃-၁၉၅၂) နေ့တွင် ဆရာတော်ဦးသီလဝန္တ သည် သီဟိုဠ် (သီရိလင်္ကာ)နှင့် အိန္ဒိယနိုင်ငံများသို့ လေယာဉ်ဖြင့် ကြွခဲ့ပါသည်။ ကိုလံဘိုမြို့တော်အနီး၊ အနုရာဓပူရကျောင်း၊ စေတီတော်ကြီးနှင့် မဟာသိမ်တော်ကြီးသို့ သွားရောက်ဖူးမျှော်ကြည်ညိုခဲ့ပါသည်။ ကန္ဒီမြို့ရှိ မြတ်စွာဘုရား၏ စွယ်တော်တိုက်တွင် တာဝန်ရှိသူများက ဆရာတော်အား စွယ်တော်ကို အနီးကပ်ကြည်ညိုစေခဲ့သည်။ ဆရာတော်၏ ဦးထိပ်ထက်သို့လည်း စွယ်တော်ကိုတင်၍ ပူဇော်ခွင့်ပေးကြသည်။ ဆရာတော်သည် (၃)ရက်တိုင်တိုင် မြတ်ဗုဒ္ဓစွယ်တော်ကို အားရပါးရ ဖူးမျှော်ခွင့်ရခဲ့လေသည်။ ထို့နောက် သီရိဓမ္မာသောကမင်းကြီး၏ သားတော် ရဟန္တာမဟိန္ဒမထေရ် တရားအားထုတ်ရာဖြစ်သော မဟိန္ဒလိတောင်၊ ပေ (၇၇၆၀)မြင့်သော ဆတ်ီပါဒ တောင်ထိပ်တွင်လည်း အချိန်ရသရွေ့ တရားဘာဝနာ အားထုတ်ခဲ့၏။

သီဟိုဠ်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ဆက်၍ ကြွပြန်သည်။ အိန္ဒိယနိုင်ငံ၊ မဒရပ်မြို့ (Madras)မှ ရထားဖြင့် ကာလကတ္တားမြို့ (Calcutta)သို့ ခရီးနှင်ခဲ့သည်။ ထိုမှတစ်ဆင့် ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂါယာ(Budjgaha)သို့ ကြွလေသည်။ မြတ်စွာဘုရားရှင် ဝါဆိုခဲ့သည့် နေရာလည်းဖြစ်၊ ပထမ သင်္ဂါယနာတင်ခဲ့သော ဒါနလည်းဖြစ်၊ ရာဇဂြိုဟ်၊ ဗုဒ္ဓမြတ်စွာဘုရား၊ ဓမ္မစကြာ တရားဦးဟောတော်မူရာ၊ ဗာရာဏသီ အနီးရှိ၊ မိဂဒါဝုန်တော၊ ပရိနိဗ္ဗာန် ပြုခဲ့သော ကုသိနာရုံနှင့် မင်္ဂလသုတ္တန် စသည့် သုတ္တန်ဒေသနာတော်များ ဟောကြားလေ့ရှိသော သာဝတ္ထိရှိ၊ ဇေတဝန်ကျောင်းတော်သို့ ကြွရောက်ဖူးမျှော်၍ တရားဘာဝနာ အားထုတ်ခဲ့သည်။

ဆရာတော်သည် သီဟိုဠ်နိုင်ငံတွင် (၂)ပါတ်၊ အိန္ဒိယနိုင်ငံတွင် (၄၉) ရက်ကြာ တရားဘာဝနာများ အားထုတ်ခဲ့ပြီးနောက် ရန်ကုန်သို့ ပြန်ကြွခဲ့သည်။

ဓါတ်ပေါင်းစုံဘုရား ပရဝုဏ်ရှိ ညောင်ပင်အောက်တွင် ပြန်လည်သီတင်းသုံးရင်း ဘုရားပရဝုဏ်အတွင်းရှိ ရှေးဟောင်းအုတ်ချပ်များ ပြန်လည်စုစည်းခြင်း၊ နွယ်ပင်ခြုံပင်များကို ရှင်းလင်းခြင်း စသည့်လုပ်ငန်းများကို (၇)ရက်သားသမီးများ၏ လုပ်အားဖြင့် ဆောင်ရွက်ခဲ့သည်။ မိုးလုံလေလုံ သီတင်းသုံးနိုင်ရန်၊ ကျောင်းဆောက်လှူမည့် အလှူ

*ပထမအကြိမ် ပြည်ပခရီး (သီဟိုဠ်နှင့် အိန္ဒိယနိုင်ငံ)*



ရှင်များ ရှိခဲ့သော်လည်း ဆရာတော်က ဘုရားကိစ္စအချို့ မပြီးမချင်း လက်မခံခဲ့ပေ။ ဆရာတော်၏ တကာတစ်ဦးဖြစ်သူ ဝတ်လုံတော်ရ ဦးကျော်မြင့်၏ဇနီး ဒေါ်လှကြည်က နှစ်ထပ်ဇရပ် တစ်ဆောင် လှူဒါန်းခြင်းကိုသာ လက်ခံခဲ့သည်။ ၁၃၁၅ခုနှစ်မှစ၍ ထိုဇရပ်၏ အပေါ်ထပ်တွင်သာ သီတင်းသုံးလေသည်။

## ဒုတိယအကြိမ် ပြည်ပခရီး (ထိုင်းနိုင်ငံ)

၁၃၁၇ခုနှစ်၊ တပေါင်းလဆုတ် (၁၀)ရက်၊ ကြာသပတေးနေ့ (၁၀-၁-၅၅) နေ့တွင် ဓါတ်ပေါင်းစုံဆရာတော် ဦးသီလဝန္တ သည် လေယာဉ်ဖြင့်၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၊ တန်ခိုးကြီး ဘုရားများနှင့် ဇင်းမယ်နှင့် အခြားမြို့များရှိ၊ ထင်ရှားကျော်ကြားသော စေတီပုထိုးများကိုဖူးမျှော်ရင်း တရားဘာဝနာ အားထုတ်ခဲ့လေသည်။

ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ရောက်ပြီးနောက်၊ ၁၃၁၇ခုနှစ်၊ တပေါင်းလဆုတ်(၄)ရက်၊(၃၀-၃-၅၆)သောကြာနေ့တွင်၊ မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ဒရယ်ရွာတွင် ရှေးဟောင်း စေတီတစ်ဆူကို ပြုပြင်မွမ်းမံခဲ့သည်။ တော်ကနားရွာ၊ တော်ကနားကျောင်းတိုက်ဝင်းအတွင်းရှိ စေတီတစ်ဆူကိုလည်း ပေ (၃၀)အမြင့်အထိ ပြန်လည်ပြုပြင်မွမ်းမံ၍ ထီးတော်တင်ခဲ့၏။ ထိုဒေသတွင် စေတီပေါင်း (၁၇)ဆူကိုလည်း မွမ်းမံပေးခဲ့၏။

## တတိယအကြိမ် ပြည်ပခရီး (အိန္ဒိယနိုင်ငံသို့ ဒုတိယအကြိမ် ရောက်ခြင်း)

ဓါတ်ပေါင်းစုံဆရာတော်သည် ၁၃၁၈ခုနှစ်၊ ဝါဆိုလဆန်း (၁၃)ရက်၊ သောကြာနေ့တွင် ရန်ကုန်မှ အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့ (Calcutta)သို့ လေယာဉ်ဖြင့် ကြွရောက်ပြီး၊ ထိုမှတစ်ဆင့် မီးရထား ဖြင့် ဗုဒ္ဓဂါယာသို့ ကြွလေသည်။ ထို့ နောက် သံဝေဂရဖွယ်၊ သံဝေဇနီယ လေးဌာနဖြစ်သော

၁။ **လုမ္ဗိနီ** – ဘုရားအလောင်း ဖွားမြင်ရာဌာန။

၂။ **မဟာဗောဓိ** – မြတ်စွာဘုရား ပွင့်တော်မူရာဌာန။

၃။ **ဣသိပ္ပတနမိဂဒါဝန်** – ဓမ္မစကြာ တရားဦး ဟောတော်မူရာဌာန။

၄။ **ကုသိနာရာမ** – ဗုဒ္ဓမြတ်စွာ မဟာပရိနိဗ္ဗာန်စံတော်မူရာဌာန။

များသို့ ရောက်ရှိ၊ ဖူးမျှော်၊ ကန်တော့ခြင်း၊ တရားဘာဝနာပွားများခြင်း၊ ထို့အပြင် –

၁။ သင်္ကာသနဂရ – ဘုရားရှင် သာဝတ္ထိသာမှ သက်ဆင်း ခြေချတော်မူရာဌာန။

၂။ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်ရှိရာ ဌာနများသို့လည်း သွားရောက် ဖူးမျှော်ကာ တရားအားထုတ်ခဲ့လေသည်။

ထို့နောက် ဆရာတော်သည် အာဂရာ ခံတပ်ကြီးနှင့် ကမ္ဘာ့အံ့ဘွယ် တာ(ရ်)မဟာလ်မြို့ (Taj Mahal) သို့ ကြွရောက်လည်ပတ်ပြီး စံချိသို့ ကြွရောက်ခဲ့လေသည်။ ရှင်သာရိပုတ္တရာ မထေရ်မြတ်နှင့် ရှင်မောဂ္ဂလန် မထေရ်မြတ်တို့၏ ဓါတ်တော်များကိန်းရာ စံချိစေတီတော်အား ဖူးမျှော်၍ တရားအားထုတ်ခဲ့ပြန်သည်။

ဆရာတော်သည် အာလောရာတောင် (Ellora)၊ အဂျန်တာဂူ (Ajanta)သို့ ကြွရောက် လေ့လာပြန်သည်။ ယင်းနေရာများတွင် နှစ်ပေါင်းများစွာက ထွင်းထုထားသော လိုဏ်ဂူကြီးများကို အံ့ဘွယ်ရာ တွေ့ရလေသည်။ ထို လိုဏ်ဂူတွင် ပြဿဒ်များ၊ ဘုရားရုပ်ပွား၊ ဆင်းတုတော်များ၊ ပန်းပုပုံ အမျိုးမျိုးလည်း ရှိနေသည်ကို တွေ့ရ၏၊ ဗုဒ္ဓဘာသာလိုဏ်ဂူ (၂၇) လုံးကိုလည်း လေ့လာတွေ့ရှိခဲ့၏။ ကျောက်သားပေါ်တွင် ပေါ်နေသော ရုပ်လုံးများ ရှိသလို၊ ထွင်းထားသော ရုပ်လုံးများကိုလည်း မြင်ခဲ့ရ၏။

ဆရာတော်သည် ဩရင်ဂဘတ် (Aurangabad)တွင် (၃)ရက်သာ သီတင်းသုံးလေသည်။ ထိုစဉ်က ဩရင်ဂဘတ် တက္ကသိုလ် ကျောင်းဝင်းအတွင်း ဗုဒ္ဓရုပ်ပွားတော်ကို ထုလုပ်ထားသည်ကို တွေ့ရှိရလေသည်။ ဆရာတော်အား ထိုတက္ကသိုလ်မှ ကျောင်းအုပ်ကြီးက ဆင်းတုတော်ကို **အနေကဇာ** တင်ပေးပါရန် တင်လျှောက်သဖြင့် ဆရာတော်က ဆင်းတုတော်ကို အနေကဇာ တင်ခြင်းနှင့် ပရိတ်တရားတော်များကို ချီးမြှင့်ခဲ့လေသည်။

ဩရင်ဂဘတ်သည် တောင်ထိပ်၌ တည်ရှိနေခြင်းကြောင့် အပြန်တွင် တောင်ထိပ်မှ မီးရထားငယ်ဖြင့် ဆင်းခဲ့သည်။ မြေပြင်ရောက်မှ ရထားဖြင့် ဘုံဘေ (Bombay)၊ မဒရပ် (Madras)၊ ဟာနူမန်ကျောက်တန်း သဲကန္တာရကို ဖြတ်ကျော်၍ သီရိလင်္ကာသို့ သင်္ဘောဖြင့် ထွက်ခွာလေသည်။ ဒုတိယအကြိမ် သီရိလင်္ကာသို့ ရောက်ခဲ့ပြန်လေသည်။ သီရိလင်္ကာတွင် ဘုရားစုံဖူးပြီးနောက် အိန္ဒိယနိုင်ငံသို့ ပြန်ကြွခဲ့သည်။

မဒရပ် (Madras)ဆိပ်ကမ်းမှ ဘုံဘေ (Bombay) သို့ လည်းကောင်း၊ ဘုံဘေမှ (Bombay)၊ နယူးဒေလီမြို့ (New Delhi)တို့မှ အမရစ္စာမြို့ (Amarissa)နှင့် ပန်ဂျပ်မြို့သို့ ရောက်ခဲ့ပါသည်။ ပန်ဂျပ်


အမျိုးအနွယ်များ ကိုးကွယ်သော၊ ကမ္ဘာတွင် ထင်ရှား ကျော်ကြားသော ရွှေကျောင်းတော်ကြီးနှင့် ငွေကျောင်းတော်ကြီးသို့ သွားရောက် လေ့လာခဲ့၏။ ကပ်ရှိမီးယား (Cashmere)၊ ဒါဂျီလင် (Darleeling) စသည့် မြို့များသို့လည်း ဝင်ရောက်လည်ပတ်ပြီး ဗုဒ္ဓဂါယာသို့ ကြွခဲ့သည်။

## ဗုဒ္ဓဂါယာတွင် ပထမအကြိမ် (၄၉)ရက်အဓိဋ္ဌာန်

ဓါတ်ပေါင်းစုံဆရာတော်သည် ဖော်ပြဆိုပြီးခဲ့သော မြို့များသို့ သွားရောက်လည်ပတ်ပြီးနောက်၊ ရှင်တော်မြတ်ဘုရား ပွင့်တော်မူသော ဗုဒ္ဓဂါယာသို့ ပြန်ကြွခဲ့သည်။ အနည်းငယ် အနားယူပြီးနောက် သာသနာတော်သက္ကရာဇ် (၂၅၀၀)ပြည့်နှစ်၊ ၁၃၁၇ခုနှစ်၊ တော်သလင်း လဆန်း (၁၀)ရက်၊ (၁၄–၉–၁၉၅၆) သောကြာနေ့မှစ၍ သတ္တဋ္ဌာန၊ တစ်ဋ္ဌာနစီတွင် အဓိဋ္ဌာန် (၇)ရက်စီ၊ ပြင်းပြင်းထန်ထန် ဝင်ခဲ့သည်။ ပထမ (၇)ရက်ကို ဗောဓိပင်နှင့် ရွှေပလ္လင် တည်ရာဋ္ဌာန၌ လည်းကောင်း။ ဒုတိယ (၇) ရက်ကို စင်္ကြံမ ဗောဓိပင်အနီး၊ မြတ်စွာဘုရား စင်္ကြံလျှောက်သည့် နေရာတွင် လည်းကောင်း၊ တတိယ (၇)ရက်ကို ဗောဓိပင်ကို မျက်နှာမူ၍ အနိမိတ္တကုန်း၌ လည်းကောင်း၊ စတုတ္ထ (၇)ရက်ကို (နာဂရရွှေအိမ်) ပဋ္ဌာန်းဒေသနာတော်ကို အနုလုံ၊ ပဋိလုံ ဆင်ခြင်ရာဋ္ဌာန၌ လည်းကောင်း၊ ပဥ္စမ (၇) ရက်ကို ဆိတ်ကျောင်း၊ ညောင်ပင်၌ လည်းကောင်း၊ ဆဋ္ဌမ (၇) ရက်ကို (မုစလိန္ဒ) မုစလိန္ဒနဂါးကြီး မြတ်စွာဘုရားအား မိုးလုံစေရန် ပါးပြင်ဖြင့် မိုးထားပေးသော နေရာ၌ လည်းကောင်း၊ သတ္တမ (၇)ရက်ကို မြတ်စွာဘုရားရှင် သမ္မာသမ္ဗုဒ္ဓ ဖြစ်ခြင်းကို ဆင်ခြင်ရာ လင်လွန်းပင်အောက်၌ လည်း ကောင်း၊ (၄)ရက်တိုင်တိုင် ပြင်းပြင်း ထန်ထန် အဓိဋ္ဌာန်ဝင်ခဲ့ရာမှ ၁၃၁၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃)ရက်၊ (၅–၁၁–၁၉၅၆) တနင်္လာနေ့တွင် အောင်မြင်ပြီးမြောက်ခဲ့ပါသည်။ အဓိဋ္ဌာန်အပြီးတွင် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ဦးထိပ်ထား၍၊ ရွှေပလ္လင်ထက်ရှိ ဗုဒ္ဓမြတ်စွာဘုရားကြီး၏၊ ဆင်းတုတော်ကို ရွှေသင်္ကန်း ကပ်လှူပူဇော်ခဲ့ပါသည်။ ထိုအချိန်တွင် ဆရာဝန်ကြီး ဒေါက်တာသာလှနှင့်လည်း တွေ့ဆုံခဲ့ရ၏။

ထို့နောက် ဆရာတော်သည် မြန်မာဘုန်းတော်ကြီး ဦးဥတ္တမကျောင်း၌ ခေတ္တသီတင်းသုံးပြီးနောက် ဗုဒ္ဓဂါယာမှ ကာလကတ္တားသို့ လည်းကောင်း၊ ထိုမှတစ်ဆင့် "အောင်သစ္စာ" သင်္ဘောဖြင့် ရန်ကုန်သို့ပြန်ကြွခဲ့လေသည်။ သင်္ဘောပေါ်တွင် ဒါယကာတစ်ဦးက ကြောင်တစ်ကောင် လှူဒါန်းလေသည်။ ဓါတ်ပေါင်းစုံကျောင်းသို့ ပထမဆုံး ရောက်လာသော ကြောင်ဖြစ်ပြီး၊ အင်ဒိုနီးရှားကြောင်းအမျိုးအနွယ်ဖြစ်ကြောင်း သိရ၏။ ဆရာတော်က ထိုကြောင်အား အဖြူရောင်ရောင်ဖြစ်၍ မစ္စတာဝှိုက် (Mr. White)၊ မောင်ဖြူဟု အမည်တွင်စေသည်။

ဆရာတော်သည် ၁၉၅၆ခုနှစ်၊ နိုဝင်ဘာ (၁၀)ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်သို့ ပြန်ရောက်ရှိလေသည်။




စတုတ္ထအကြိမ် ပြည်ပခရီး (ထိုင်းနှင့် ကမ်ဘောဒီးယားနိုင်ငံ)

## စတုတ္ထအကြိမ် ပြည်ပခရီး (ထိုင်းနှင့် ကမ္ဘောဒီးယား)


ဓါတ်ပေါင်းစုံဆရာတော်သည် ၁၃၁၉ခုနှစ်၊ ကဆုန်လဆုတ် (၅)ရက်၊ (၁၉ – ၄ – ၁၉၅၇) သောကြာနေ့တွင် ထိုင်းနိုင်ငံသို့ ကြွပြန်သည်။ ဗန်ကောက်မြို့ရှိ မြဘုရားနှင့် အခြားစေတီပုထိုးများ ဖူးမျှော်ကန်တော့ပြီးနောက်၊ ဗန်ကောက်မှ (၆)နာရီရထားဖြင့် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်ပင်မြို့တော် (Phnom Pehn) သို့ ညနေ (၄) နာရီ၊ (၃၀)မိနစ်တွင် ရောက်လေသည်။ ထိုမြို့တွင် (၃)ရက်ကြာ လည်ပတ်ပြီး နောက်၊ ကမ္ဘာတွင် ထင်ရှား ကျော်ကြားသော အန်ကာဝပ်ကျောင်းတော်ကြီး (Anher Wat)သို့ သွားရောက်ခဲ့လေသည်။ ဤကျောင်းတော်သည် မိလိန္ဒမင်းမြတ်က အရှင် နာဂသိန်အား လှူဒါန်းသော ကျောင်းကြီး ဖြစ်သည်။ မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန်တို့သည် ဗုဒ္ဓမြတ်စွာ၏ တရားတော်များနှင့် ပတ်သက်ပြီး၊ အလွန် ခက်ခဲနက်နဲသော ပြဿနာများကို သံသယကင်းရှင်းစွာ အမေးအဖြေပြုခဲ့ကြသည့် သာသနာ့ပုဂ္ဂိုလ်ကျော်များ ဖြစ်ကြသည်။ ဤကျောင်းတော်သည်၊ ရှေးနှစ်ပေါင်း (၂၀၀၀)ကျော်က တည်ဆောက်ခဲ့ပြီး၊ အန်ကာဝပ်ကျောင်းတော်ကို ကမ္ဘာတွင် ထင်ရှားကျော်ကြားခဲ့စေသော၊ ဗုဒ္ဓမြတ်စွာဘုရား ရုပ်ပွားတော်အမြောက်အမြားကို ဆရာတော် ဖူးခဲ့ရသည်။ ရဟန်းပုံတော်၊ နတ်ရုပ်များ၊ လူအရွယ်အစားရှိသော လူရုပ်များ၊ ပကတိအရွယ်အစားရှိ ဆင်၊ မြင်းရုပ်ထုများနှင့်တကွ ပန်းချီပန်းပု လက်ရာများမှာ အလွန် လုပဘင့်တယ်ပေကြောင်း ဆရာတော် မှတ်တမ်းတွင် ဖတ်ရှုရပါသည်။ ကျားငယ်လေး တစ်ကောင်ကိုလည်း ဝင်ကျောင်းများအတွင်း တွေ့ရ၍ သက်ဆိုင်ရာသို့ အပ်ခဲ့၏။ ဆရာတော်သည်၊ ကမ္ဘောဒီးယားမှ ထိုင်းနိုင်ငံဗန်ကောက်မြို့သို့၊ လေယာဉ်ဖြင့် ပြန်ကြွခဲ့ပြီး၊ ထိုင်း နိုင်ငံတွင် မဖူးရသေးသော ဘုရားစေတီပုထိုးများကို ဖူးမျှော်ခြင်း၊ အယုဒ္ဓယမြို့သို့ ကြွရောက်လေ့လာခဲ့သည်။ တပည့်၊ ဒါယကာ၊ ဒါယကာမများက ပင့်လျှောက်၍ ပရိတ်တရားတော်များ ချီးမြှင့်ခြင်း၊ ဆုံးမဩဝါဒပေးခြင်း တို့ကို ပြုလုပ်ပြီးနောက် ၁၉၅၇ခုနှစ်၊ မေလ (၁၆)ရက်၊ ကြာသပတေးနေ့တွင် မြန်မာနိုင်ငံသို့ လေယာဉ်ဖြင့် ပြန်ကြွခဲ့၏။

ထိုအချိန်တွင် ယခင်က (၂) ထပ် ဇရပ်ဆောင်ကို တဖြည်းဖြည်း တိုးချဲ့ခဲ့ရာ၊ ဓါတ်ပေါင်းစုံကျောင်းသည် ပေ (၁၂၀)ရှည်ပြီး၊ ဘုရားဝတ်ပြုခန်း (၃)ခန်းနှင့် သံဃာတော်အပါး (၂၀) သီတင်းသုံးနိုင်သည့် ကျောင်းအဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

## အနောက်နိုင်ငံများသို့ ပထမဆုံး သာသနာပြုကြွခြင်း။ (ပဉ္စမအကြိမ် ပြည်ပခရီး – ၁၉၅၈)

ရန်ကုန်မြို့သို့ ရောက်ရှိနေသော အမေရိကန်နိုင်ငံသား မစ္စတာ ဂပ်စ်ရပ်ဂျီရီ (Mr. Gus Ruggireri)နှင့် ဦးအာဒိစ္စရံသီ ရဟန်းတို့သည် ဓါတ်ပေါင်းစုံဆရာတော်ကြီးအား ကြည်ညိုသူများ ဖြစ်သည်။ ဂပ်စ်ရပ်ဂျီရီသည် အမေရိကန်နိုင်ငံသို့ ပြန်သွားပြီးနောက် ဓါတ်ပေါင်းစုံဆရာတော် ဦးသီလဝံသအား အမေရိကန်သို့ သာသနာပြုရန် ပင့်လျှောက်လေသည်။

ဆရာတော်သည် ၁၃၁၉ခုနှစ်၊ တပေါင်းလဆုတ် (၁၂)ရက် (၁၆–၃–၅၈) တနင်္ဂနွေနေ့တွင် ဝေါလ်ဝစ်ရှိုင်း (Warashire)သင်္ဘောဖြင့် ရန်ကုန်မှ အမေရိကန်နိုင်ငံသို့ ထွက်ခွာခဲ့လေသည်။ မတ်လ (၂၁)ရက် နေ့တွင် သီဟိုဠ်နိုင်ငံ၊ ကိုလံဘိုသို့ ရောက် လေသည်။ မတ်လ (၂၇)ရက်နေ့တွင် ကိုလံဘိုမြို့မှ ခရီးဆက်၍ အေဒင်သို့ ဆိုက်ရောက်လေသည်။ ထိုခရီးစဉ်တွင် ဝေါလ်ဝစ်ရှိုင်းသင်္ဘောကြီး ပါ၊ ကြီးမားသော ဝေလငါးကြီးမှ ပေ (၁၀၀)ခန့် ရေပန်းများ မှုတ်လွှတ်သည်ကို ခရီးသည်များနှင့်အတူ တွေ့ခဲ့ရသည်။ ဧပြီလ (၃)ရက်နေ့တွင် အေဒင်မှ ထွက်ခွာရာ ပင်လယ်နီ (Red Sea)အတွင်း (၅)ညတာ ခရီးနှင်ခဲ့ရ၏။ ဧပြီ (၇)ရက်နေ့တွင် စူးအက်တူးမြောင်း (Suez Canal) သို့ ရောက်ကြလေသည်။ နောက်တစ်နေ့တွင် မြေထဲပင်လယ် (Mediterranean) တွင် (၃)ရက်နှင့် (၃)ညလုံးလုံး သင်္ဘောဦးပိုင်း မြုပ်လောက်သည့် ကြီးမားသော လှိုင်းဒဏ်၊ လေဒဏ်တို့ကို ခံခဲ့ရ၏။ ဧပြီ (၁၉)ရက်နေ့တွင် အင်္ဂလန်နိုင်ငံ (Engaland)၊ ဆောက်သန်ပတန် (Southamton)ဆိပ်ကမ်းသို့ ဆိုက်ရောက်လေ၏။ ဆရာတော်သည် အင်္ဂလန်သို့ ပထမဆုံး ရောက်ခဲ့ခြင်း ဖြစ်လေသည်။ အင်္ဂလန်နိုင်ငံရှိ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန်က ကြိုဆိုပြီး လန်ဒန်မြို့ (London)သို့ ကားဖြင့် ပင့်ဆောင်ခဲ့သည်။ သီဟိုဠ်ဘုန်းတော်ကြီးကျောင်း (Buddhist Society Monastery) တွင် သီတင်းသုံးလေသည်။ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်စိုးနှင့် ဇနီးတို့က ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စကိုကို တာဝန်ယူ ကြပါသည်။ ဆရာတော်အား အင်္ဂလန်ရှိ ရှေးဟောင်းပြတိုက်များ၊ ဘုရင်မနန်းတော် စသည့်



*ဓါတ်ပေါင်းရုံ ဆရာတော်ကြီး စီးနင်းလိုက်ပါသော၊ ကမ္ဘာကျော် "ကွင်းမေရီ" သင်္ဘောကြီး*


ထင်ရှားသော နေရာဌာနများကိုလည်း လိုက်လံပြသခဲ့၏။ မေ (၁)ရက်နေ့တွင် လန်ဒန်မှ ဆောက်တန်ပတန်ဆိပ်ကမ်းသို့ ရထားဖြင့် ကြွခဲ့ပြီး၊ ကမ္ဘာကျော် ကွင်းမေရီ (Queen Mary) သင်္ဘောဖြင့် အမေရိကန်နိုင်ငံသို့ အတ္တလန်တိတ် သမုဒ္ဒရာကြီးကို ဖြတ်ကျော်၍ ခရီးဆက်ခဲ့သည်။

ကွင်းမေရီသင်္ဘောသည် အလျား (၁၀၂၀)ပေ၊ အနံ (၁၁၈)ပေရှိပြီး၊ အထပ်ပေါင်း (၁၂)ထပ်ရှိ သင်္ဘောကြီး ဖြစ်လေသည်။ ရုပ်ရှင်ရုံ (၃)ရုံ၊ ရေကူးကန်၊ အားကစားကွင်း၊ ဆံသဆိုင်၊ ထမင်းဆိုင်၊ ဆေးခန်းမှအစရှိကြောင်း တွေ့ရ၏။ ဓါတ်လှေခါးပါ တပ်ဆင်ထားပြီး၊ လုပ်သားပေါင်း (၁၂၀၀)ဖြင့် ခရီးသည် (၃၀၁၀) တင်ဆောင်နိုင်ကြောင်း ဆရာတော်၏ မှတ်တမ်းတွင် ဖတ်ရှုရပါသည်။ ဆရာတော်သည် ပထမဦးဆုံးသော ဗုဒ္ဓဘာသာရဟန်း ခရီးသည်တစ်ဦးဖြစ်သည်ဟု သင်္ဘောကပ္ပတိန်က မှတ်ချက်ပြုပါသည်။

မေလ (၆)ရက်၊ အင်္ဂါနေ့တွင် ကွင်းမေရီသင်္ဘောကြီးသည် အမေရိကန်နိုင်ငံ၊ နယူးရောက်မြို့ (New York) သို့ ဆိုက်ရောက်လေသည်။ ဆရာတော်သည် နယူးယောက်မြို့ရှိ (၃၂)ထပ်၊ အခန်းပေါင်း ထောင်သောင်းချီ၍ရှိသော စတီတ်လာ ဟော်တယ်တွင် ပထမဆုံး သီတင်းသုံးလေသည်။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအဖွဲ့ဝင် ဦးသန့် (နောင်တွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့်) က တွေ့ဆုံဂါရဝပြု လှူဒါန်းသည်။ ဆရာတော်က ဦးသန့်အား ဆရာတော့်အဟွက် ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စအတွက် ပူပန်စရာ မလိုကြောင်း ပင့်ဖိတ်သူ ဒါယကာ မစ္စတာရပ်ဂျရီက တာဝန်ယူထားခဲ့ကြောင်း သိစေခဲ့သည်။

မေလ (၉)ရက်နေ့တွင် နယူးယောက်မြို့မှ မစ္စတာရပ်ဂျရီနေထိုင်သော အယ်လ်ဂဲနီမြို့ (Allegany) သို့ ကြွလေသည်။ အယ်လ်ဂဲနီတွင် တစ်ပတ်ကြာ နေထိုင်ပြီးနောက် ဘတ်ဖလိုတက္ကသိုလ် (Buffelo University) ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ပင့်ဖိတ်လျှောက်ထားချက်အရ မေလ (၁၇) ရက်နေ့တွင် ကြွရောက်ခဲ့လေသည်။ ဆရာတော်နှင့်အတူ ဦးအာဒိစ္စရံသီလည်း ရှိနေလေသည်။ ဆရာတော်နှင့် ဦးအာဒိစ္စရံသီ ဆရာတော် (၂)ပါးတို့သည် ဆွမ်းခံကြွခြင်း၊ အကြောင်းအရာများကို ဆွေးနွေးဟောပြောခြင်း၊ အားလပ်သော အချိန်များတွင် ဒါယကာ၊ ဒါယကာမများက ဆရာတော် (၂)ပါးအား လေယာဉ်စက်ရုံ၊ ပုံနှိပ်တိုက်၊ ရုပ်ပါ မားကတ်၊ တိရစ္ဆာန်ရုံနှင့် နာမည်ကျော် နိုင်ဂါရာရေတံခွန် (Niagara Falls) သို့

*အမေရိကန် ရှေ့ဘိဂုံစေတီတော် ဝတ္တကမြေ အလှူရှင် မစ္စတာ ရန်ဂျရီနှင့် ဓါတ်ပေါင်းရုံ ဆရာတော်ကို သူ၏နေအိမ်အနီးတွင် တွေ့ရစဉ်။*





၂၃၃၆၇

သွားရောက် လိုက်လံပြသ လေ့လာစေခဲ့သည်။ ထို့အပြင် အမေရိကန် ရုပ်မြင်သံကြားမှ ပုဂ္ဂိုလ်များက ဗုဒ္ဓ၏သားတော်များ သပိတ်လွယ်ဆွမ်းခံခြင်း၊ သင်္ဃန်းရုံခြင်းမှအစ တွေ့ဆုံ မေးမြန်းရာ ဓါတ်ပေါင်းစုံ ဆရာတော်ဘုရားကြီးနှင့် ဦးအာဒိစ္စရံသီတို့က ရှင်းလင်းထင်ရှား စေခဲ့ပါသည်။ မင်္ဂလာပရိတ်တော်မှအစ ပရိတ်တရားတော်များကိုလည်း ချီးမြှင့်ခဲ့သည်။ မေလ (၂၀)ရက်နေ့တွင် ဘတ်ဖလိုမြို့မှ အဲလ်ဂီနီမြို့သို့ ထွက်ခွာကြ၏။ လမ်းတွင် အမေရိကန် ဆရာဝန်တစ်ဦးက ဆရာတော်တို့အား တွေ့၍ ဗုဒ္ဓ၊ ဓမ္မနှင့် သံဃာတော်တို့ အကြောင်း ကို သိလို၍ ၎င်း၏ အိမ်သို့ ပင့်ဆောင်ခဲ့၏။ ဆရာတော် သည် ရတနာ (၃)ပါးနှင့် တရားဓမ္မ အကြောင်းကို ရှင်းလင်းဟောကြားပြီးနောက် တစ်ညကြိမ်းစက် အနားယူခဲ့သည်။ နောက်တစ်နေ့တွင် မစ္စတာ ရပ်ဂျိရီအိမ်သို့ ရောက်ရှိပြီး အမေရိကန် နိုင်ငံတွင် ပထမဆုံး ဗုဒ္ဓ စေတီတည်ရန် စီစဉ်ကြသည်။



*အမေရိကန် ရွှေတိဂုံစေတီအနီး၊ ဓါတ်ပေါင်းစုံဆရာတော်ကြီးနှင့် ဒါယကာ မစ္စတာရပ်ဂျရီကို ပြုံးရွှင်စွာတွေ့ရစဉ်။*




*"အမေရိကန်၊ ရွှေတိဂုံစေတီတော်"တည်စဉ်က၊ ညွှန်ကြားပြသစဉ်။*

## အမေရိကန်နိုင်ငံတွင် ပထမဦးဆုံး ဘုရားတည်ခြင်း

သာသနာတော် သက္ကရာဇ် ၂၅၀၂ခုနှစ်၊ (၃၀-၅-၁၉၅၈)ရက်၊ သောကြာနေ့တွင်၊ အမေရိကန် အသံလွှင့်ရုံမှ အသံလွှင့်ကားဖြင့်၊ အမေရိကန်ပြည်ထောင်စုတွင် ဘုရားတည်ခြင်း အကြောင်း မေးမြန်းရာ မစ္စတာ ရပ်ဂျိရီ ရှင်းလင်းလေသည်။ ထို့နောက် အင်ဂျင်နီယာ မစ္စတာ ဂျိုးစီရာနို (Joe Serano) က ဘုရားတည်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပေးလေသည်။ အသံလွှင့်ကားမှ ပုဂ္ဂိုလ်များက လျှောက်ထားသဖြင့် ဓါတ်ပေါင်းစုံ ဆရာတော် ဦးသီလဝန္တနှင့်

ဦးအာဒိစ္စရံသီတို့က မင်္ဂလသုတ် ပရိတ်တရားတော်ကို အသံလွှင့်ချီးမြှင့်လေသည်။ အသံလွှင့် မင်္ဂလာတရားတော်အကြောင်း မေးမြန်းရာ၊ မင်္ဂလာတရားတော်အတိုင်း နေထိုင်၊ ကျင့်ကြံ၊ အားထုတ်လျှင် ကမ္ဘာပေါ်တွင် ငြိမ်းချမ်းသာယာမည်၊ ကမ္ဘာသူ၊ ကမ္ဘာသား (၇)ရက်သားသမီးများ မင်္ဂလာတရားတော်နှင့်အညီ နေထိုင်နိုင်ပါစေ၊ မေတ္တာလဲပို့သပါသည်ဟု ရှင်းပြလေသည်။

ဗုဒ္ဓတရားတော်မှာ အလွန်ကောင်းပါသည်၊ အသံလွှင့်ပုဂ္ဂိုလ်များက ဘဲရီးဂွတ်၊ ဘဲရီးဂွတ်(Very Good, Very Good)ဟု ချီးကျူးထောပနာ ပြုလေသည်။

၁၉၅၈ခုနှစ်၊ မေလ (၃၀)ရက်နေ့တွင်၊ ဒါယကာကြီး မစ္စတာရာဂျီရီပိုင်သော (၆၄)ဧကရှိ မြေပေါ်တွင်၊ ဓါတ်ပေါင်းစုံဆရာတော်ကိုယ်တိုင် ပန်းရံကိုင်ပြီး ဌာပနာတိုက်တွင်–

၁။ ဓါတ်ပေါင်းစုံဆရာတော် ပင့်ဆောင်ခဲ့သည့် ဗုဒ္ဓဓါတ်တော် (၅)ဆူ၊ ဒက္ခိဏာသာခါဘုရား (၂)ဆူနှင့် ရဟန္တာများ၏ ဓါတ်တော်များ။

၂။ ဦးအာဒိစ္စရံသီက ဒက္ခိဏာသာခါ ဘုရားတစ်ဆူ။

၃။ ဘုရားဒါယကာ မစ္စတာ ရပ်ဂျီရီနှင့် ဆွေမျိုးတစ်စုက ကျောက်မြက်ရတနာများကို ဓါတ်ပေါင်းစုံဆရာတော်၏ သပိတ်တစ်လုံး အပြည့်ထည့်၍ ဌာပနာကြသည်။ (၇) ရက်တိုင်တိုင်၊ ဓါတ်ပေါင်းစုံဆရာတော်ကိုယ်တိုင် ဦးဆောင်၍၊ ဦးအာဒိစ္စရံသီ၊ ဘုရားဒါယကာ မစ္စတာ ရပ်ဂျီရီ၊ အင်ဂျင်နီယာဂျီနှင့် အလုပ်သမား (၃)ဦးတို့က ဘုရားတည်ကြသည်။ ဉာဏ်တော် (၁၀)ပေမြင့်၏။ မေလ (၆)ရက်၊ သောကြာနေ့တွင် ဘုရား အနေကဇာတင်ကြသည်။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ၊ လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်က တည်ခဲ့သော ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရည်စူး၍ **"အမေရိကန်ရွှေတိဂုံ"** ဟု ဘွဲ့တော်သတ်မှတ် ခေါ်တွင်စေခဲ့သည်။ (ရွှေတိဂုံစေတီတော်မြတ်နှင့် ပုံတူဖြစ်ပါသည်။)

ပြည်ထောင်စု မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ၊ ရွှေတိဂုံစေတီတော်သမိုင်းအရ စတည်စဉ်က ဉာဏ်တော် (၇) တောင်သာ ရှိခဲ့၏။ ယခု အမေရိကန် ရွှေတိဂုံစေတီတော်ကိုလည်း ဉာဏ်တော် (၁၀)ပေအမြင့် စတင်တည်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

ရွှေတိဂုံစေတီတော်သည် ဉာဏ်တော် (၇)တောင်မှ ယခု (၃၂၆)ပေမြင့်လာသကဲ့သို့၊ အမေရိကန်ရွှေတိဂုံစေတီကိုလည်း ဉာဏ်တော် (၁၀)ပေမှ တဖြည်းဖြည်း မြင့်တက်လာအောင် ဒါယကာ၊ ဒါယကာမများက စေတနာ သဒ္ဓါအပြည့်အဝဖြင့် ကြိုးစားရန် ဆရာတော်မှ မှာကြားလေသည်။

အမေရိကန်ရွှေတိဂုံ အနေကဇာတင်ပြီးနောက်၊ ဓါတ်ပေါင်းစုံဆရာတော်သည် ဝါရှင်တန်ဒီစီ (Washington D.C) သို့ ကြွရောက်ခဲ့၏။ ဆရာတော်အားပင့်လျှောက်သည့် ဒါယကာ၊ ဒါယကာမများက ဝါရှင်တန်ဒီစီ၊ ကာလီဖိုးနီးယားလမ်း (Califomia Street)ရှိ ဘရိက်တန်ဟော်တယ်ကြီး (Britten Hotel) တွင် နေ့ဆွမ်းအပါအဝင် ဒေါ်လာ (၈၀) ဒါနပြုထားလေသည်။ အမေရိကန်နိုင်ငံဆိုင်ရာ၊ မြန်မာသံအမတ်ကြီး ဦးဝင်းက လာရောက်ကြိုဆိုလေသည်။ ဝါရှင်တန်တွင် သီတင်း သုံးနေစဉ်၊ ဦးမင်းဟာန်နှင့် ပညာရေး သံမှူးဦးသန့်ကြီး၊ စစ်သံမှူး ဗိုလ်မှူးကြီး စောအုန်းတို့က (၁၀)ရက်တိုင်တိုင် ဆရာတော်အား ဆွမ်းကပ်လှူဒါန်းကြသည်။ ဗိုလ်အောင်ညွန့်ကလည်း ၎င်း၏နေအိမ်သို့ ပင့်၍ ဆွမ်းကပ်လှူဒါန်းသည်။ ဗိုလ်အောင်ညွန့်အိမ်တွင် ဗုဒ္ဓရုပ်ပွားတော်များနှင့် ပြည့်နှက်နေသော၊ အလွန် ကြည်ညိုဖွယ်ကောင်းသည့် ဘုရားခန်း ရှိလေသည်။ ဘိုးတော်အောင်မင်းခေါင်၏ ပုံကို ချိတ်ထားသည်ကို တွေ့ရ၏။ ဗိုလ်အောင်ညွန့်၏ လျှောက်ထား တောင်းပန်ချက်အရ ဓါတ်ပေါင်းစုံ ဆရာတော်သည် ဗုဒ္ဓနုဿတိတရားကို အထူးတလည် ဟောကြားသည်။ ခိုင်မာသော အဓိဋ္ဌာန်ဖြင့် ဘာဝနာပွားများ သူသည် သမာဓိကို တဖြည်းဖြည်း တိုးတက်ရရှိပြီးနောက်၊ အတွင်းအပြင် အောင်မြင်ခြင်း ဟူသမျှကိုလည်း ရရှိမည် ဖြစ်ကြောင်း၊ ဘာဝနာပွားများစရာများ၌ အခြေခံ လိုအပ်ချက်မှာ ခိုင်မာသော အဓိဋ္ဌာန်ပင်ဖြစ်ကြောင်း၊ မည်သည့်အခက်အခဲနှင့် ကြုံတွေ့စေကာမူ မိမိ၏ နေ့စဉ်လုပ်ငန်းကို မပျက်စေရန် ဆရာတော်က ရှင်းလင်းဟောကြားခဲ့သည်။ ကမ္ဘာ့ဘဏ်မှ ဦးထွန်းတင်ကလည်း ဆရာတော်အား ပင့်ဖိတ်၍ ဝေယျာဝစ္စ ကုသိုလ်ဒါနပြုခဲ့၏။ ထိုစဉ်က ဓါတ်ပေါင်းစုံဆရာတော်သည် (Smirthso nian Institute) စမစ်ဆိုနီယမ် အင်စတီကျူပြတိုက်တွင် ဉာဏ်တော် တစ်တောင့်တစ်ထွာရှိ သဃ်န်းကို ညာဘက်မှာ ရုံထားသော ဘုရားဆင်းတုတော် တစ်ဆူကိုလည်း ဖူးမျှော်ကန်တော့ခဲ့၏။ သစ်သီးဆွမ်းလည်း ကပ်လှူခဲ့သည်။ ဝါရှင်တန်မြို့တော်တွင် (၁၀)ရက် သီတင်းသုံးပြီးနောက်၊ အမေရိကန် ရွှေတိဂုံစေတီအား အပြီးသတ် အချောကိုင်နိုင်ရန် အယ်လ်ဂဲနီသို့ ပြန်လည်

ကြွရောက်ခဲ့သည်။


ဤကောင်းမှုကုသိုလ်ကို အမေရိကန် ပြည်ထောင်စုတွင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာတို့၏ ဂုဏ်တော်များ ထွန်းတောက်ပြီး သတ္တဝါများ ကောင်းကျိုးချမ်းသာရကြစေရန် ဆုတောင်းမေတ္တာပို့သခဲ့သည်။

ဓါတ်ပေါင်းစုံဆရာတော်သည် ၁၉၅၈ခုနှစ်၊ ဇူလိုင် (၆)ရက်နေ့တွင် အယ်လ်ဂီနီမှ နယူးယောက်မြို့သို့ ပြန်ကြွပြီး၊ ဟိုတယ်တွင် ခေတ္တသီတင်းသုံးလေသည်။ ဦးသန့်၏လျှောက်ထားချက်အရ ဆရာတော်သည် ဗုဒ္ဓနုဿတိပွားများအားထုတ်နည်းကိုလည်းကောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များကို မှန်ကန်စွာ နားလည် သဘောပေါက်ပြီး အဓိဋ္ဌာန်ဖြင့် အားထုတ်မည်ဆိုက ကုသိုလ်တရားများ ရရှိပြီး၊ မိမိရော၊ ကမ္ဘာကြီး တစ်ခုလုံးပါ တိုးတက်နိုင်ကြောင်း၊ကို ဟောကြားလေသည်။ ကမ္ဘာအရပ်ရပ်၏ ငြိမ်းချမ်းမှုကို တစ်နေ့တွင် ထိပ်တန်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆရာတော်က ကြိုတင်မိန့်ကြားကဲ့သည်။

၁၉၅၈ခုနှစ်၊ (ဇူလိုင်လ (၁၀) ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုမှ အင်္ဂလန်သို့ ယူနိုက်တက်စတိတ်(United State) သင်္ဘောဖြင့် ထွက်ခွာခဲ့ရာ၊ ဆောက်တန်ပသန်ဆိပ်ကမ်းသို့ ဇူလိုင်လ (၁၅)ရက်နေ့တွင် ရောက်ရှိခဲ့၏။ ယူနိုက်တက်စတိတ်သင်္ဘောသည် နာမည်ကျော်ကွင်းမေရီသင်္ဘောလောက် မကြီးသော်လည်း ကွင်းမေရီကဲ့သို့ ကောင်းမွန်ပါသည်။ ထိုဆိပ်ကမ်းမှ လန်ဒန်သို့ မီးရထားဖြင့် ခရီးဆက်ခဲ့၏။ ဗုဒ္ဓဘာသာအသင်း ဝိဟာရ (Buddhist Society Monastery) တွင် တည်းခိုသီတင်းသုံးသည်။ ထိုစဉ်ကသံအမတ်ကြီး ဦးအောင်စိုးမိသားစုနှင့် စစ်သံမှူး ဦးသိန်းဟန်တို့က ဆရာတော်ဘုရားအား ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စများဖြင့် လှူဒါန်းကြ၏။ စစ်သံမှူး နေထိုင်ရန် ဝယ်ထားသောအိမ်တွင် ဆရာတော်ကိုယ်တိုင် မင်္ဂလာသုတ်မှအစ ပရိတ်တော်များ ရွတ်ဖတ်ချီးမြှင့်ခဲ့၏။

ဇူလိုင်လ (၂၃)ရက်နေ့တွင်၊ ဇလမ္မေ အိန္ဒိယသင်္ဘောတွင် တစ်ညကျိန်းစက်ပြီး၊ နောက်တစ်နေ့ (Italy) အီတလီနိုင်ငံသို့ ထွက်ခွာခဲ့သည်။ အီတလီနိုင်ငံ၊ လီဗေါနို (Liveno) မြို့သို့ရောက်ရှိသွားရာ၊ ဒေသခံများက စိတ်ဝင်စားစွာ ဗုဒ္ဓအကြောင်း၊ ဆရာတော်ရုံထားသည့် သဃ်န်းအကြောင်းတို့ကို မေးမြန်းလျှောက်ထားခဲ့၏။ ဆရာတော်က အတတ်နိုင်ဆုံး ရှင်းလင်းဖြေကြားခဲ့သည်။ ထို့နောက် ဆရာတော်သည် စောင်းနေသော ပီဇာမျှော်စင် (Leaning Tower of Piza)သို့ သွားရောက်လေ့လာကြည့်ရှုပြီး၊ ဩဂုတ်လ (၂) ရက်နေ့တွင် ထိုသင်္ဘောဖြင့် ခရီးဆက်ခဲ့ရာ၊ သင်္ဘောအစီး (၂၀၀)ခန့် ရပ်နားနိုင်သော စူးအက်တူးမြောင်း (Suez Canal)ရေပြင်ကျယ်တွင် ရပ်နားကြ၏။ ထိုမှတစ်ဆင့် ပင်လယ်နီ (Red Sea)ကိုဖြတ်၍၊ အိန္ဒိယနိုင်ငံ၊ ဘုံဘေဆိပ်ကမ်းမြို့သို့၊ ဩဂုတ်လ (၁၅)ရက်နေ့ ရောက်ရှိခဲ့၏။ ထိုမှတစ်ဆင့် ဩဂုတ်လ (၁၈)ရက်နေ့တွင် ရထားဖြင့် ခရီးတွက်ခဲ့ရာ၊ ဂယားမြို့သို့ ဩဂုတ်လ (၂၀) ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ထိုမှကားဖြင့် ဗုဒ္ဓဂယာဝိဟာရကျောင်းသို့ ကားဖြင့်ရောက်ရှိခဲ့ရာ၊ ဆရာတော် ဦးဥတ္တမက ဝမ်းပမ်းတသာ ကြိုဆိုလေသည်။ (ဆရာတော်သည် ဗုဒ္ဓဂါယာသို့ တတိယအကြိမ်ရောက်ခြင်း ဖြစ်ပါသည်။) ဆရာတော်ဦးဥတ္တမ ကူညီမှုဖြင့် ဓါတ်ပေါင်းစုံဆရာတော်သည် မြတ်စွာဘုရား ရုပ်ပွားတော်ကြီးအား ရွှေသဃ်န်း ကပ်လှူခဲ့ရလေသည်။

ဩဂုတ်လ (၂၂)ရက်၊ သောကြာနေ့မှစတင်၍ ဓါတ်ပေါင်းစုံဆရာတော် ဦးသီလဝန္တသည်၊ မြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂါယာတွင်၊ ဒုတိယ




အကြိမ် သတ္တဋ္ဌာနဋ္ဌ (၄၉)ရက် အဓိဋ္ဌာန် ဝင်ခဲ့ပြန်သည်။ အဓိဋ္ဌာန်လည်း အောင်မြင်လေသည်။ အဓိဋ္ဌာန်အပြီးတွင် ဗုဒ္ဓဂါယာ၊ ဂေါပကလူကြီးများက စေတီတော်ကြီးရှိရာ မြတ်စွာဘုရား ရုပ်ပွားတော်ကို ရွှေသင်္ကန်းကပ်ခွင့် ပြုကြလေသည်။

## ကနေဒါလူမျိုး ရဟန်းခံခြင်း။

ဆရာတော်ဘုရားသည်၊ ပထမအကြိမ် လန်ဒန်သို့ ရောက်ခဲ့စဉ်က ကနေဒါလူမျိုး မစ္စတာလက်စ္စလီ ဒေါ်လ်ဆင်နှင့် ဗုဒ္ဓဘာသာ အသင်းကျောင်းတွင် တွေ့ဆုံခဲ့၏။ ထိုစဉ်ကပင် ကနေဒါလူမျိုး၊ မစ္စတာလက်စ္စလီဒေါ် ဆင်သည်၊ ဆရာတော် ဦးသိဒ္ဓိလ ဆရာတော်ဘုရား၊ အခြားသံဃာတော်များနှင့် တရားဓမ္မတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့ကြောင့် ဓါတ်ပေါင်းစုံဆရာတော်သည် လက်စ္စလီဒေါ်ဆင်အား အမေရိကန်နိုင်ငံသို့ သာသနာပြုပြီးအပြန်တွင် လန်ဒန်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း မှာကြားခဲ့လေသည်။ မှာကြားသည့်အတိုင်း ဆရာတော်သည် အမေရိ ကန်မှအပြန် (Lesle Dawsen) လန်ဒန် တွင် ဆုံကြပြန်သည်။ တစ်ဖန် ဗုဒ္ဓဂါယာ တွင်ဆုံရန် စီစဉ်ကြပြန်သည်။ စီစဉ်ကြ သည့်အတိုင်း ဆုံကြပြန်သည်။ ဤအခါ (Lesle Dawsen)သည်၊ ဗုဒ္ဓဂါယာတွင် ၁၉၅၈ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်၊ အင်္ဂါနေ့တွင် ရှင်သာမဏေဘဝသို့ ရှင်အနန္ဒဗောဓိဘွဲ့ကို ခံယူကာ၊ မြတ်စွာဘုရား၏ သာသနာ့ဘောင်အတွင်း ဝင်ရောက်လာလေသည်။

ထို့နောက် ဆရာတော်သည်၊ ဗုဒ္ဓဂါယာမှ ကာလကတ္တားမြို့သို့ကြွသည်။ ကောင်စစ်ဝန် ဦးတင်ညွန့်နှင့် ဇနီးဒေါ်မြမြ၊ ဒေါ်ကြည်ကြည်သားသမီးများက ဆရာတော်အား ရိုသေစွာ ဧည့်ခံ



*ကနေဒါလူမျိုး၊ ရဟန်းတော် "ရှင်အာနန္ဒာဗောဓိ " ပုံ။*

ကြိုဆိုကြသည်။ ဆရာတော် မမေ့နိုင်သော ဖြစ်ရပ်တစ်ခုမှာကား၊ ငါးဧကသောမြေကို လွှမ်းခြုံသည့် ကြီးကျယ်ခမ်းနားသော ဗောဓိပင်ကြီးပင် ဖြစ်ပါသည်။ ဆရာတော်သည် အနောက်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့တွင် ပြုလုပ်သမျှသော ကုသိုလ်ကောင်းမှု အစုစုတို့အား သတ္တဝါအားလုံး အမျှဝေရန်၊ နိုဝင်ဘာလ (၁၄)ရက်နေ့တွင် ဗန်ကောက်မှတစ်ဆင့် ရန်ကုန်သို့ရောက်ရှိလာလေသည်။

ထိုအချိန်တွင် ကနေဒီယန်လူငယ် (Leshe Dawsen)သည် ၁၉၅၈ခု၊ ဒီဇင်ဘာလအတွင်း၊ အနန္ဒဗောဓိဟူသော ရှင်သာမဏေအဖြစ်၊ ရန်ကုန်သို့ ရောက်ရှိလာလေသည်။ ထို့နောက် ရွှေတိဂုံ တောင်ဘက်မုခ်ရှိ သိမ်တော်ကြီးတွင် ၁၉၅၈ခု၊ ဒီဇင်ဘာ (၁၈)ရက်၌ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိလေသည်။ ဆရာတော် အနန္ဒဗောဓိသည် တရားဘာဝနာများကို ဖွဲ့သန်သန်ဖြင့် ပွားများခဲ့လေသည်။ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့တွင် ဗုဒ္ဓဓမ္မကို ဆက်လက်လေ့လာဆည်းပူးသည်။ ထို့နောက် လန်ဒန်သို့ပြန်ရောက်ပြီး၊ ပြုခဲ့သမျှသောသကုသိုလ်အစုစုကို သတ္တဝါအပေါင်းတို့အား အမျှပေးဝေလေသည်။ အင်္ဂလန်တွင် (၃)နှစ်ကြာနေပြီးနောက်၊ မိမိဒေသကနေဒါသို့ ပြန်ကြပြီး၊ တိုရန်တိုရှိဧက (၄၀၀)ရှိသောမြေတွင် ကနေဒါတရားစခန်းကြီး တည်ထောင်သည်။ ၁၉၆၀ပြည့်နှစ်များတွင် ဆရာတော် အနန္ဒဗောဓိသည်၊ သတ္တဝါများအပေါ် မေတ္တာကြီးစွာ ထားရှိကာ၊ ဥရောပ၊ အာရှ၊ အမေရိကတိုက်များတွင် ဗုဒ္ဓဓမ္မကို ဟောကြားလေသည်။ ၁၉၈၂ခုနှစ်တွင် ဆရာတော်ဦးသီးဝန္တအား၊ ဒုတိယအကြိမ်အနောက်နိုင်ငံများသို့ ခရီးသွားခြင်းအတွက် လိုလေသေးမရှိ ထောက်ပံ့ကြသူများကား ဆရာတော်အနန္ဒဗောဓိ၏ တပည့်သာဝကများပင် ဖြစ်ကြလေသည်။

## မြန်မာနိုင်ငံအတွင်း၊ ဘုရား၊ ကျောင်းကန်များအား ဆက်လက်ပြုပြင် မွမ်းမံခြင်း။

ဓါတ်ပေါင်းစုံဆရာတော် ဦးသီလဝန္တာသည် ပထမဆုံး အမေရိကန် ရွှေတိဂုံစေတီကို တည်ထားပြီးနောက် ဓါတ်ပေါင်းစုံကျောင်းတိုက်တွင် သီတင်းသုံးနေစဉ် မြန်မာနိုင်ငံတွင်း ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများကို တည်ဆောက်ပြုပြင်၊ မွမ်းမံ၊ ထီးတော်၊ စိန်ဖူးတော်တင်ခြင်းများကို ဆက်လက်ဆောင်ရွက်လေသည်။

ဆရာတော်သည် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားစေရန် ရဟန်းရှင်လူ၊ ပြည်သူပြည်သားများအတွက် အားရဝမ်းမြောက်ဖွယ်ရာ ဖြစ်ပေတော့သည်။ ထို့ကြောင့် ၁၉၄၁ခုနှစ်မှအစ နောက်ထပ်

ဆောင်ရွက်ခဲ့သော သာသနာအကျိုးတို့ကို ဆက်လက်ဖော်ပြလိုက်ရပါသည်။

၁၃၁၇ခုနှစ်၊ တပေါင်းလဆုတ် (၄)ရက် (၁၀-၃-၅၆)နေ့တွင်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ဒရယ်ရွာနှင့် တော်ကနာရွာတိုက်ကျောင်းဝင်းအတွင်း ရှေးဟောင်းစေတီတော်ကြီး တစ်ဆူနှင့် စေတီတော် (၁၇)ဆူတို့ကို ပြုပြင်မွမ်းမံခဲ့သည်။ ၁၃၂၁ခု၊ တန်ဆောင်မုန်းလဆုတ် (၉)ရက် (၁-၅-၅၉)နေ့တွင် ချောင်းဆုံမြို့နယ်၊ ဘီလူးကျွန်း၊ ကော့ဒွတ်ကျေးရွာ၌ မူလက (၄၀)ပေ၊ စေတီတောင်းကိုင်၍၊ ဉာဏ်တော် (၅၅)ပေမြင့်သောစေတီသစ်ကို တည်ထားလေသည်။ ထိုစေတီတွင် ဓါတ်တော်၊ မွေတော်များနှင့် တန်ခိုးကြီးသည့် ဆင်းတုတော် (၁၅)ဆူကို ဌာပနာထားလေသည်။ မြတ်စွာဘုရား ရုပ်ပွားတော်အဆူ (၃၀)နှင့် နတ်များ၏ပုံများကို မွမ်းမံပြင်ဆင်ခဲ့လေသည်။

၁၃၂၅ခု၊ ပြာသိုလဆန်း (၁၄) ရက်၊ (၂၈-၁၂-၆၃) စနေနေ့တွင် မော်လမြိုင်မြောက်ဖက် မြစ်ဝရှိ ခေါင်းဆေးကျွန်းတွင် ဉာဏ်တော်(၇၅)တောင်၊ ထီးတော်အဝ (၆၅)ရှိ ရှေးဟောင်းစေတီတော်မြတ်ကြီးကို၊ ဓါတ်ပေါင်းစုံဆရာတော်ဦးစီး၍၊ ဖားအောက်ဆရာတော် ဦးဝရလင်္ကာ၊ မန္တလေးဆရာတော် ဦးနန္ဒသာရတို့အပြင် ဖားအောက်မှ ဒေသခံတကာ၊ တကာမများ၏ လုပ်အားဖြင့် တည်ဆောက်ခဲ့ဖြစ်၏။ စေတီတော်ကို ဝိုင်းရံ၍ စေတီငယ် (၂၀)ဆူရှိ၏။ အနေကဇာတင်ပူဇော်ပွဲကို ထီးတော်တင်ပြီးမှ ပြုလုပ်ကြ၏။ ပရိသတ်များပြားစုံလင်လှသဖြင့် အလွန်စည်ကားလှသည်။

၁၃၂၆ခုနှစ်၊ ကဆုန်လပြည့်နေ့ (၂၅-၄-၆၄)စနေနေ့တွင်၊ ရောဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာရှိ၊ အံတော်ကုန်းကျောင်းတိုက်အတွင်းရှိ၊ ရှေးဟောင်းအံတော် စေတီတော်မြတ်ကို ထီးတော်တင်ခဲ့၏။ ဓါတ်ပေါင်းစုံဆရာတော်ဦးသီလဝန္တအမှူးပြု၍၊ ဆားမလောက်ရွာ၊ အံတော်ကုန်းဆရာတော် ဦးစန္ဒိမာနှင့် အတူ စည်ကားသိုက်မြိုက်စွာ၊ ထီးတော်တင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့၏။ အံတော်ကုန်းစေတီတော်သည် ဉာဏ်တော် (၇၅)တောင်ရှိပြီး၊ ထီးတော်အဝသည် (၆)ပေ၊ (၉)လက်မရှိ၏။ စေတီတော်ကြီးငယ်တူဆူ (၂၀)လည်း ပါဝင်၏။

၁၃၂၇ခုနှစ်၊ ပြာသိုလပြည့်နေ့ (၅-၁-၆၉) ကြာသပတေးနေ့တွင် စတင်၍ ချောင်းဆုံမြို့နယ်၊ ကမာကေးကျေးရွာရှိ၊ ရှေးဟောင်းစေတီတော်ကြီးကို ပြန်လည်မွမ်းမံ တည်ဆောက်လေသည်။ ပြန်လည်တည်ဆောက်ရေးမှာ တစ်နှစ်ကြာသည်။ ရှေးလူကြီးများ စကားအရ၊ ဂေါတမ မြတ်စွာဘုရားဆံတော်များဖြင့် ဌာပနာခဲ့သော စေတီတော်ဖြစ်သည်ဟု သိရ၏။ ထီးတော်အဝမှ (၇.၇၅)ပေရှိ၏။ စေတီတော်ကြီးကို ဗဟိုပြုလျက်၊ စေတီရံငယ် အဆူ (၂၀)ရှိ၏။ ဗုဒ္ဓရုပ်ပွားပုံတော်များ၊ နတ်နှင့် နတ်သား၊ နတ်သမီးပုံတော်များကိုလည်း ပြင်ဆင် မွမ်းမံခဲ့သည်။ ဓာတ်ပေါင်းစုံဆရာတော် ဦးသီလဝန္တ နှင့်အတူ၊ သာယာဆရာတော် ဦးဆန္ဒသာရ၊ ဖားအောက်ဆရာတော် ဦးဝါရလင်္ကာ၊ မန္တလေး ဒပ္ပိကာရာမကျောင်းတိုက် ဆရာတော် ဦးနန္ဒသာရတို့၏ လမ်းညွှန်မှုဖြင့် တည်ဆောက်ခြင်း ဖြစ်လေသည်။ ကုသိုလ်ထူးဖြင့် ပြီးစီးခဲ့သော စေတီတော်ကို တည်ဆောက်ရာ၌ သဒ္ဒါဝါအများက အောင်မြင်စွာ ပူးပေါင်းပါဝင်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။ စေတီ၏ဘွဲ့တော်မှာ ကျိုက်တာစေတီဖြစ်သည်။

၁၃၂၈ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက်၊ (၂၃-၂-၇၆) ကြာသပတေးနေ့တွင်၊ ဧရာဝတီတိုင်း၊ ပုသိမ်မြို့၊ တိုက်ကြီးကုန်း၊ ရှေးဟောင်းစေတီတော်မြတ်ကြီးကို မွမ်းမံပြင်ဆင်ခဲ့လေသည်။ စေတီတော်ကြီး၏ ဉာဏ်တော်မှာ အတောင် (၅၀)ကျော်ရှိပြီး၊ ထီးတော်အဝသည် (၅)ပေ၊ (၉)လက်မရှိ၏။ ထီးတော်တင်ပွဲကို ကဆုန်လဆန်း (၁၄) ရက်၊ အင်္ဂါနေ့တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၃၃၀ပြည့်နှစ်၊ နယုန်လဆုတ် (၁)ရက်၊ (၁၁-၆-၆၈)၊ အင်္ဂါနေ့တွင် ဓါတ်ပေါင်းစုံဆရာတော်သည် မွန်ပြည်နယ်၊ သံဖြူဇရပ်၊ အဲခဲရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ၊ ဝက်တက်ဆောင်အတွင်းရှိ၊ ဉာဏ်တော် (၉)တောင်၊ (၃)လက်မရှိ၊ ဗုဒ္ဓမြတ်စွာ၊ ရုပ်ပွားတော်တစ်ဆူ၊ (၆)ပေရှိ ရုပ်ပွားတော် တစ်ဆူနှင့် ရုပ်ပွားတော်ငယ်များ၊ ရဟန္တာပုံတော်၊ ဗြဟ္မာရုပ်ထု၊ သကြားရုပ်ထု၊ ဝိဇ္ဇာရုပ်ထိ၊ နတ်ရုပ်ထုများနှင့် နံရံပန်းချီကားပေါင်း တစ်ရာကျော်ပါဝင်သည်။ မြတ်စွာဘုရား၏ ဘဝဖြစ်စဉ်တော်များကို ဖော်ပြထားခြင်းဖြစ်သည်။ ဓါတ်ပေါင်းစုံဆရာတော်နှင့်အတူ၊ ဒုတိယအံခဲဆရာတော် ဦးဉာဏတို့၏ ကြီးကြပ်မှုဖြင့် ပြီးစီးခဲ့သည်။

၁၃၃၁ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၂-၃-၇၀) တနင်္ဂနွေနေ့တွင် ချောင်းဆုံမြို့နယ်၊ ရွာသစ်သာယာကျောင်းတိုက်ကြီးအတွင်းရှိ စေတီတော် (၂)ဆူကို ဓါတ်ပေါင်းစုံဆရာတော် ဦးသီလဝန္တကြီးမှူး၍ သာယာဆရာတော် ဦးစန္ဒသာရ၊ မန္တလေးဆရာတော် ဦး

နန္ဒသာရနှင့်အတူ ထီးတော်တင်ပွဲကို စည်ကားစွာ ကျင်းပခဲ့၏။

၁၃၃၂ခုနှစ်၊ တပေါင်းလဆုတ် (၈)ရက်၊ (၁၉-၃-၇၁) သောကြာနေ့တွင် ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ မူးရစ်ကလေးရွာ၊ ဝတ်ကျောင်းအတွင်းရှိ ရေးဟောင်းစေတီတော်ကြီး တစ်ဆူကို မွမ်းမံအောင်မြင်စွာ ပြုပြင်နိုင်ခဲ့သည်။ ဓါတ်ပေါင်းစုံဆရာတော် ဦးသီလဝန္တကြီးမှူးလျက် သာယာဆရာတော် ဦးစန္ဒာသာရ၊ မန္တလေးဆရာတော် ဦးနန္ဒသာရတို့က အောင်မြင်စွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၁၃၃၃ခုနှစ်၊ တန်ခူးလဆုတ် (၈)ရက်၊ (၆-၄-၇၂)၊ ကြာသပတေးနေ့တွင် ချောင်းဆုံမြို့နယ်၊ မုတ်ရွာအလွန် ရေးကျသော စေတီတော် တစ်ဆူကို ဓါတ်ပေါင်းစုံဆရာတော် ဦးသီလဝန္တနှင့် သာယာကုန်းဆရာတော် ဦးစန္ဒာသာရ၊ မန္တလေးဆရာတော် ဦးနန္ဒသာရတို့က အောင်မြင်စွာ မွမ်းမံပြင်ဆင်နိုင်ခဲ့၏။

၁၃၃၄ခုနှစ်၊ တန်ခူးလဆန်း (၁၄)ရက်၊ ၂၇-၃-၇၃)၊ တနင်းလာနေ့တွင် ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ ကဇင်ကျေးရွာ၌ ဉာဏ်တော် (၂၅)တောင်ရှိ၊ ရေးဟောင်းစေတီတော်တစ်ဆူအား၊ ဓါတ်ပေါင်းစုံဆရာတော်ကြီးမှူး၍ ဆားမလောက်ရွာ၊ အံတော်ကုန်းဆရာတော် ဦးစန္ဒိမာတို့က အောင်မြင်စွာ မွမ်းမံပြုပြင်နိုင်ခဲ့သည်။

၁၃၃၄ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် မြင်းခြံမြို့၊ ကိုးဆောင်ကျောင်းတိုက်ဆရာတော်ကြီး ဦးသောဘိတနှင့်အတူ ဓါတ်ပေါင်းစုံဆရာတော်သည်၊ မြင်းခြံမြို့၊ ကိုးဆောင်တိုက်၊ တစ်ဆယ့်နှစ်မုဒ်၊ ကိုးဆောင်မာန်အောင်ရတနာစေတီတော်ကြီး၏ ထီးတော်နှင့်အနေကဇာတင်ပွဲသို့ ကြွရောက်ကူညီခဲ့ပါသည်။ ဘုရားအနေကဇာတင်ပွဲတော်ကို တန်ဆောင်မုန်းလဆန်း (၉)ရက်နေ့မှစ၍ (၉)ရက်တိုင်တိုင်ကျင်းပ၍ သံဃာတော်အပါး (၅၀၀၀)ပါဝင်ကြောင်း သိရသည်။

၁၃၃၄ခုနှစ်၊ နယုန်လကွယ်၊ (၂၉-၆-၇၃) သောကြာနေ့တွင် ဖားအောက်ကျောင်းတိုက်အတွင်းရှိ ဉာဏ်တော် (၇)ပေရှိ၊ ဗုဒ္ဓရုပ်ပွားတော် (၉)ဆူ၊ ရဟန္တာ (၂)ဆူနှင့်၊ လူရုပ်ထု (၉)ခုကို ဓါတ်ပေါင်းစုံဆရာတော်ကြီးနှင့် ဖားအောက်ကျောင်းတိုက်ဆရာတော် ဦးဝါရလင်္ကာတို့က အောင်မြင်စွာ ပြုပြင်မွမ်းမံခဲ့ကြ၏။

၁၃၃၅ခုနှစ်၊ တပေါင်းလပြည့် (၇-၃-၇၄)၊ ကြာသပတေးနေ့၊ နံနက် (၉)နာရီ၊ မိနစ်(၃၀)တွင် ရန်ကင်းမြို့နယ်၊ လှုပ်ပုံတော်ပတ္တမြား ဆေးတိုက်ပိုင်ရှင် ဦးမောင်မောင်နှင့် ဇနီးဒေါ်ငြိမ်းမိသားစုတို့က ကမကထပြုသော ရန်ကုန်မြို့၊ သစ္စာဝါဒီကုန်းမြေ၌ စေတီအသစ်တစ်ဆူကို တည်လေသည်။ စေတီ၏ အောက်ခြေမှ (၁၀၈)ပေရှိပြီး၊ ဉာဏ်တော်အမြင့်မှာလည်း (၁၀၈)ပေရှိသည်။ ရေးလူကြီးသူမများ၏ ပြောပြချက်အရ စေတီအသစ်မှာ ယခင်စေတီဟောင်းနေရာတွင်ဖြစ်၏။ စေတီတော် အုတ်မြစ်ချပွဲသို့၊ မန္တလေး မစိုးရိမ်ဆရာတော်၊ ခြောက်ထပ်ကြီးဆရာတော်၊ မင်းကွန်းတိပိဋကဓရဆရာတော်နှင့် သံဃာတော်အပါး (၁၀၀)ကျော် ကြွရောက်ချီးမြှင့်ကြလေသည်။

ဓါတ်ပေါင်းစုံဆရာတော်ကြီး၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် (၂)နှစ်ကြာ တည်ဆောက်ခဲ့ရ၏။ ဆရာတော်တည်သော စေတီများအနက် အကြီးဆုံးစေတီ ဖြစ်၏။ စေတီနှင့် တစ်ဆက်တည်းတွင် မဟာမြတ်မုနိ ရုပ်ပွားတော်နှင့် အတုလပတ္တမြား ပိဋကတ်ကျောက်စာများ ရေးသားထားသော ကျောက်ပြားအချပ် (၁၅၀၀) ကိုလည်း ရေးသားပြုစု တည်ထားနိုင်ခဲ့ကြ၏။

၁၃၃၆ခုနှစ်၊ ကဆုန်လပြည့်နေ့၊ (၅-၅-၇၄) ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ မဲဇလီကျေးရွာတွင် ဉာဏ်တော်ပေ (၄၀)ရှိသော စေတီဟောင်းတစ်ဆူနှင့် (၇)ပေရှိသော ဘုရားတစ်ဆူအားပြုပြင်ခြင်းဖြစ်ပါသည်။ ဆံတော်ကုန်းဆရာတော် ဦးစန္ဒိမာနှင့်အတူ တည်ဆောက်ပြုပြင် အနေကဇာ တင်ခဲ့ပါသည်။

၁၃၃၆-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃-ရက်၊ ၁-၁၂-၇၄ ရက်နေ့တွင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အံခဲရွာရှိ၊ ဉာဏ်တော် (၄၉)ပေမြင့်သော စေတီဟောင်းတစ်ဆူကို အံခဲဆရာတော် ဉာဏနှင့်အတူ လမ်းညွှန်ပြုပြင် အနေကဇာတင်ခဲ့လေသည်။

၁၃၃၆ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ ရွှေဂူကျောင်းတိုက်ရှိ စေတီတော်အားထီးတော်အသစ်ကို ဆံတော်ကုန်းဆရာတော် ဦးစန္ဒိမာနှင့်အတူ တင်ခဲ့လေသည်။


၁၃၃၇ခုနှစ်၊ တန်ခူးလဆုတ် (၁-၅-၇၅) နေ့တွင်၊ ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ သလဲတန်ရွာတွင်၊ ဉာဏ်တော် (၃၁)ပေခွဲရှိ၊ ရေးဟောင်းစေတီတစ်ဆူကို ပြုပြင်မွမ်းမံ အနေကဇာတင်ခဲ့လေသည်။

၁၃၃၉ခုနှစ်၊ ပြာသိုလဆုတ် (၃)ရက်၊ (၂၇-၁-၇၂)တွင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဘုတာရုံကျောင်းဝင်းအတွင်းရှိ၊ ရေးဟောင်းစေတီအား အသစ်ဖြင့်ငုံ၍ ပြုပြင်အနေကဇာတင် ပူဇော်ပွဲကို ကျင်းပပြုလုပ်ပေးခဲ့သည်။ ထိုနှစ်၌

ပင် ကရုပ္ပိဘုရားကျောင်းအတွင်းရှိ စေတီ ဟောင်းအား ပြုပြင်၍ ထီးတော်အသစ် တင်ပေးခဲ့သည်။

၁၃၄၀ပြည့်နှင်၊ တန်ခူးလပြည့်နေ့ (၂၈-၄-၇၈)တွင် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ တောင်ကြားရွာတွင် ရှေးဟောင်းစေတီတစ်ဆူကို ပြုပြင်ခဲ့လေသည်။ ထိုနှစ်တွင် မွန်ပြည်နယ်၊ သံဖြူဇရပ်၊ ဝဲကလောင်ရွာ၊ ထန်းတစ်ပင်ကျောင်းသင်းအတွင်းရှိ (၂၃)တောင် အမြင့် စေတီဟောင်းတစ်ဆူကို ပြုပြင် မွမ်းမံနိုင်ခဲ့လေသည်။

(၁၉-၄-၈၁)နေ့၊ ညနေ (၃) နာရီအချိန်တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မူးရစ်ကလေးရွာအနီး၊ နတ်တောင်တွင် ဉာဏ်တော်အမြင့် (၉၀)ပေ၊ ထီးအဝ (၂၅)ပေရှိသော၊ ရှေးဟောင်းစေတီတော်မြတ်၏ ထီးတော်ကို ပြုပြင်မွမ်းမံနိုင်ခဲ့သည်။ ထိုစေတီတော်သည် ရန်ကုန်မြို့ရှိ ဆူးလေစေတီတော်၏ပုံတူ ဖြစ်လေသည်။




**အမေရိကန်လူမျိုး "ရှင်ပညာနန္ဒ" ပုံ။**

## ဒုတိယအကြိမ် အနောက်နိုင်ငံများသို့ သာသနာပြုကြွခြင်း (၁၉၈၁)။

၁၉၈၁ခုနှစ်၊ ဖေဖေါ်ဝါရီလတွင်၊ **ဆရာတော် ဦးသီလဝန္တ** သည်၊ ဝင်ဒါမီယာလမ်းရှိ၊ သပြေတောရ သိမ်တော်ကြီးတွင် အမေရိကန်နိုင်ငံသား လူငယ်တစ်ဦးအား ရဟန်းခံပေးခဲ့လေသည်။ ဘွဲ့တော်မှာ ဦးပညာနန္ဒဖြစ်၏။ ပထမကမ္မဝါ စာဆိုများမှာ ဝါတော် (၄၅)ဝါရှိ ပဋ္ဌာန်းဆရာတော်၊ ဝါတော် (၄၃)ဝါရှိ ရွှေပြည်ဆရာတော်နှင့်၊ ဝါတော် (၃၄) ဝါရှိ ဦးကောသလ္လအရှင်မြတ်တို့ ဖြစ်ကြပါသည်။ ဒုတိယ ကမ္မဝါစာဆရာတော်များသည် ဝါတော် (၆၁)ဝါရှိ၊ ကတုံဆယ်ဆရာတော် ဦးရာဇိန္ဒ၊ ဝါတော် (၅၅)ဝါရှိ ဆရာတော် ဦးပညာဝန္တ ၁နှင့်၊ (၄၉)ဝါရှိ ဓါတ်ပေါင်းစုံဆရာတော် ဦးသီလဝန္တ အရှင်သူမြတ်တို့ ဖြစ်ကြပါသည်။

တဖန် ၁၉၈၂ခုနှစ်၊ ဖေဖေါ်ဝါရီလ (၂၃)ရက်နေ့တွင်၊ အမေရိကန် လူငယ်တစ်ဦးက ဆရာတော်အား ရဟန်းခံပေးရန် တောင်းပန်လျှောက်ထားသဖြင့် ဓါတ်ပေါင်းစုံဆရာတော် ဥပဇ္ဈယ်ပြု၍၊ ရဟန်းဘဝသို့ ရောက်ခဲ့၏။ ဘွဲ့တော်အမည်မှာ ဦးဇောတိနန္ဒဖြစ်သည်။ ပထမကမ္မဝါစာဆရာတော်မှာ ဝါတော် (၅၂) ဝါရှိ၊ မဟာနာယကဆရာတော် ဦးသောဘိတ၊ ဒုတိယ ကမ္မဝါစာဆရာတော်၊ (၄၂)ဝါရှိ၊ ရွှေပြည်တော်ဆရာတော် ဦးရာဇိန္ဒဝံသကို လည်းကောင်း၊ တတိယကမ္မဝါစာကို ပျော်ဘွယ်ကျောင်းတိုက် ဆရာတော် ဦးသိရိမင်္ဂလာက လည်းကောင်း၊ ဖတ်ကြားကြသည်။ မဟာဂန္ဓာသံဃာကောင်စီ၊ ဖျာပုံတိုက်သစ်



**အမေရိကန်လူမျိုး "ရှင်ဇောတိနန္ဒ" ပုံ။**

ကျောင်း ဆရာတော်ဦးသြဘာသ အပါအဝင်၊ သံဃာ (၃၃)ပါး ပါဝင်ကြလေသည်။ အမေရိကန်လူမျိုး နှစ်ဦးစလုံးမှာ၊ ၁၉၅၈ ခုနှစ်က ဓါတ်ပေါင်းစုံဆရာတော် ဦး သီလဝန္တက ရဟန်းခံပေးခဲ့သည့် ဆရာတော် ဦးအာနန္ဒဗောဓိ၏ တပည့်များ ဖြစ်ကြ၏။

၁၉၈၁ခုနှစ်တွင်၊ ဆရာတော် **ဦးအာနန္ဒဗောဓိ**၏ တပည့်များက၊ ဆရာ**တော်အား** အနောက်နိုင်ငံများတွင် ဗုဒ္ဓ**သာသနာ** ပိုမိုတည်တံ့ခိုင်မြဲရန်အတွက် **အမေရိကန်နိုင်ငံ**၊ ကနေဒါနိုင်**ငံ**၊ နယူး**ဇီလန်နိုင်ငံနှင့်** သြစတြေးလျနိုင်ငံတို့**တွင် ဗုဒ္ဓ**တရားတော်များအား ဟောကြားပေးရန် လျှောက်ထားကြသည်။ ဆရာတော်သည် ၁၉၈၂ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့တွင် ရန်ကုန်မှ ဗန်ကောက်သို့ လေယာဉ်ဖြင့်ကြွတော်မူသည်။ ထိုင်းနိုင်ငံတွင် ရက်သတ္တပတ်နေပြီးနောက်၊ အာရှနိုင်ငံများသို့ လေယာဉ်ဖြင့် ခရီးဆက်ခဲ့ကြလေသည်။ တိုကျိုနာရီတာ လေဆိပ်တွင် တစ်နာရီမျှနားပြီးနောက်၊ နေ့ဝက်ပျံသန်းရသော ပစိဖိတ်သမုဒ္ဒရာကိုဖြတ်၍ အမေရိကန်နိုင်ငံ၊ ဆီအဲတယ် (လ) နိုင်ငံတကာလေဆိပ် (Seattle Inter-



*ကယ်လီဖိုးနီးယားပြည်နယ်၊ ပေ ၁၀,၀၀၀ မြင့်သော ရှိမီဗီတီတောင်ပေါ်၌၊ ဝါတ်ပေါင်းစုံ ဆရာတော်၏ တပည့် ယောဂီများ တရားထိုင်နေပုံ။*

national Airport) သို့ ကြွရောက်သည်။ ဆရာတော်အား ဦးအာနန္ဒဗောဓိ၏ တပည့်များက ကြိုဆိုကြ၍၊ လှပသော ရှုခင်းများရှိသည့် အိုရီဂွန်–ကမ်းခြေတစ်လျှောက်၊ ကာလီဖိုးနီးယား (California) သို့ ရောက်သည်အထိ မော်တော်ကားဖြင့် ပင့်ဆောင်ကြလေသည်။ လမ်းတွင် ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူစဉ်ကာလကပင် ရှင်သန် ပေါက်ရောက်လျက်ရှိသည့် မိုးထိမြင့်မားသော သစ်နီပင်ကြီးများကို ရပ်တန့်ကြည့်ရှုခဲ့ကြသည်။ ပစိဖိတ် သမုဒ္ဒရာကမ်းခြေ (Shorea of the Pacific Ocean) တွင် တစ်ညတာနားခိုပြီး၊ နောက်နေ့တွင် ဆန်ဖရန်စစ္စကို (San francisco) ရှိ ဦးအောင်မြင့် နေအိမ်သို့ ရောက်လေသည်။ ဦးအောင်မြင့်နေအိမ်တွင် ရက်သတ္တပတ် သီတင်းသုံးလေသည်။ ဦးအောင်မြင့်တို့က အစစအရာရာ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးကြသည်။ မေလ (၁၀)ရက်၊ နံနက်စောစောတွင်၊ လော့စ်အိန်ဂျလိ (Los-angeles) သို့ ကားဖြင့်ကြွသည်။ ဒေါ်တုတ်အိမ်တွင် ဆရာတော် သီတင်းသုံးသည်။ ရက်သတ္တပတ်သီတင်းသုံးနေစဉ်၊ "ရေကမ္ဘာ" စက်တပ်ရုံတွင် ရေသတ္တဝါများ၏ လိမ္မာပုံကို ကြည့်ရှုခွင့်ရခဲ့သည်။ ဆရာတော်သည် ၁၉၅၈ခုနှစ်က စီးနင်းဖူးသည့် ကွင်းမေရီသင်္ဘောကြီးမှာ၊ ယခု



*ကနေဒါနိုင်ငံတွင် သာသနာပြုရန် ရောက်ရှိနေသော သံဃာတော်များနှင့် ဝါတ်ပေါင်းစုံဆရာတော်ကို ဖူးတွေ့ရစဉ်။*


မှုဖြင့် အိုးပင်းပတ်(သ)အဖွဲ့ဝင်များနှင့် ဗွိုက်(စ)အနီး စေတီတစ်ဆူကို တည်လေသည်။ တပည့်များမှာ အမေရိကန်၊ ကနေဒါ၊ နော်ဝေး၊ ဆွစ်ဇာလန်နှင့် တောင်အာဖရိက စသောနိုင်ငံများမှ ရောက်လာကြသောသူများ ဖြစ်ကြလေသည်။ နောက်ထပ် (၁၀)ရက်ကြသော အခါ ဗုဒ္ဓနှင့် ရဟန္တာများ၏ ဓါတ်တော်များကို ဌာပနာလေသည်။ ထို့နောက် ဇွန်လ (၁၁)ရက်နေ့တွင် စကြ်ဝဠာ (Sakkavala) သို့မဟုတ်၊ ယူနီဗာဆယ် (Universal Pagoda) စေတီတော်အား



**အိုင်ဒါဟိုပြည်နယ်၊ ဘွိုင်စီမြို့၊ ဖောင်ရေသိမ်တွင် ရဟန်းခံနေစဉ်။**

အခါ ကမ်းခြေရှည်ကြီးသဖွယ် မှတ်တမ်းဝင် တည်ရှိနေသည်ကိုလည်း လေ့လာခွင့်ရခဲ့ပါသည်။

ဒေါက်တာအပါအဝင်ဆရာတော်အား မဖူးတွေ့ရသည်မှာ ဆယ်နှစ်ခန့်ရှိကြပြီဖြစ်သော တပည့်ဒါယကာ၊ ဒါယာမများက အတိုင်းထက် အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ ဆွမ်း၊ ကွမ်းအစရှိသော ပစ္စည်းများဖြင့် ဆရာတော်အား လိုလေသေးမရှိ လှူဒါန်းကြသည်။ မေလ (၁၇)ရက်နေ့တွင် ဆရာတော်သည် လော့စ်အိန်ဂျလီမှ ပြန်ကြွလာသည်။ ကာလီဖိုးနီးယားရှိ၊ ယိုဆီမိုက်တီ (Rosemite) အမျိုးသားဥယျာဉ်တွင် တစ်ညနားပြီး၊ ကားဖြင့် (၁၈) နာရီမောင်းရသော အိုင်ဒါဟိုပြည်နယ်၊ ဘွိုင်လ်(ခ)မြို့သို့ ရောက်ရှိလေသည်။ မေလ (၁၉)ရက်နေ့တွင် ဒေါက်တာ၏ သားနှင့် အမေရိကန်လူငယ်ကို ဦးဆောဇနန္ဒဟူသော ဘွဲ့အမည်ဖြင့် ဘွိုင်းစမြို့ (Boise) ရှိ အိုးပင်းပတ်ရိပ်သာ (Open Path Centre) တွင် ရှင်သာမဏေ ပြုပေးလေသည်။ ဤရိပ်သာမှာ ဆရာတော် ဦးအာနန္ဒဗောဓိ၏ တပည့်များက ဖွင့်လှစ်ထားခြင်းဖြစ်ပြီး၊ ရန်ကုန်တွင်ရဟန်း



**စကြ်ဝဠာစေတီတွင် ဌာပနာမည့် ဗုဒ္ဓနှင့် ရဟန္တာဓါတ်တော်များ ရောင်ခြည်တော်ကွန့်မြူးစဉ်။**

ခံသွားကြသည့် ဦးအာနန္ဒဗောဓိနှင့် ဦးပညာနန္ဒာနှစ်ပါး သီတင်းသုံးနေထိုင်ရာလည်း ဖြစ်ပေသည်။ နောက်တစ်နေ့တွင် ကိုရင်နှစ်ပါးအာ လက်ကီးပစ်(ခ) ရီဇား ဗွိုင်းဘွဲ့ (Lucky Peak Resevior) ရှိ ဖောင်ရေသိမ်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ သွတ်သွင်းလေသည်။

မေလ (၂၂)ရက်နေ့တွင် ဆရာတော်ဦးသီလဝန္တ၏ ဦးဆောင်လမ်းညွှန် အနေကဇာတင် ပူဇော်ပွဲကို ကျင်းပလေသည်။ ဤဆရာတော်ကား အမေရိကန်နိုင်ငံတွင် ဓါတ်ပေါင်းစုံ ဆရာတော် ဦးသီလဝန္တ တည်သည့် ဒုတိယမြောက် စေတီတော် ဖြစ်လေသည်။

(၅)ရက်ကြာသောအခါ ဝါရှင်တန်တွင် တစ်ညတာသီတင်းသုံးပြီး ကနေဒါနိုင်ငံသို့ ကြွတော်မူသည်။



ကနေဒါနိုင်ငံ ကိုလံဘီယာပြည်နယ်၊ နယ်လ်ဆင်မြို့တွင်
တရားထိုင်ပြီးနောက် ဆရာတော်နှင့် တပည့်များ
အမှတ်တရ။



ဗြိတိသျှ ကိုလံဘီယာမြို့တော် (British Columbia)၊ ဗစ်တိုးရီးယား (Victoria) ကို ကူးတို့ဖြင့် ဖြတ်ကျော်လာခြင်းပင်ဖြစ်သည်။ ဆရာတော် ဦးအာနန္ဒဗောဓိ၏ တပည့်များက ကြိုဆိုကြလေသည်။ ထိုညတွင် မြင်ရ၊ မမြင်ရ သတ္တဝါများ၊ ဝေးနေ၊ နီးနေသတ္တဝါများ ချမ်းသာသုခရစေရန်အလို့ငှာ သုတ်တော်များကို ရွတ်ဆိုကြသည်။ ထိုအပြင် ဗုဒ္ဓနူသတိတရားများပွားများရန် ဟောကြားလေကြလေသည်။


ဆရာတော်သည် နေ(လ်)ဆင် ဗြိတိသျှကိုလံဘီယာ (Nelson-British Columbia)ရှိ တရားစခန်းသို့ ရက်သတ္တတစ်ပတ်ကြာသွားရောက်သည်။သတ္တဝါတို့ ချမ်းသာသုခရရှိစေရန်၊ ဆရာတော်သည် သုတ်တော်များကို ရွတ်ဖတ်လေသည်။ ဗုဒ္ဓနူသတိတရားကို ဟောသည်။ ထို့နောက် ကနေဒီးယန်းရော့ကီး (Canadian Rockies)၏ အရှေ့ခြမ်းတွင် အဓိကအားဖြင့် ဗုဒ္ဓနူသတိတရားနှင့် မေတ္တာကမ္မဋ္ဌာန်းတို့ကို ပွားများစေသည်။ ဆရာတော်သည် ထိုဒေသတွင် ရက်သတ္တနှစ်ပတ်ခန့် သီတင်းသုံးလေသည်။ ယူနီတေရီယန် ဘုရားကျောင်း (Unitrarian Church)တွင် တရားနှစ်ကြိမ်ဟောပြီး၊ ကျန်ညများ၌ ဓမ္မရိပ်သာ (Dhama Centre)တွင် တရားအားထုတ်ရေး ကမ္မဋ္ဌာန်းတရားများကို ဟောကြားလေသည်။



သည်။ နောက်တစ်နေ့ ဘစ်ကူဗာအနီးရှိ၊ ဂါလီယာနိကျွန်းတွင် တည်ထားသော ဧက (၂၀)ကျော်သည့် ခရစ်စတဲလ်မောင်တင် (Crystal Mountain)ဝိပဿနာစခန်းသို့ ကြွကြလေသည်။ ထိုစခန်းတွင်လည်း ဆရာတော်က ဗုဒ္ဓ၊ ဓမ္မတရားတော်များကို ဟောကြားလေသည်။ တစ်ဆက်တည်းတွင် ဆရာတော်သည် စက်တင်ဘာလတွင် ပြန်လည်ကြွလာရေးနှင့် စေတီတည်ရေးတို့ကို **ဆွေးနွေး**အာလ်ဘာတာ (Alberta)ရှိ၊ အက်ဒ်မွန်တန် (Edmonten)သို့ ခရီးထွက်ခွာသည်။ ခရီးများ နှစ်ရက်ကြာပြီး၊ လမ်းတစ်လျှောက် တောင်ထိပ်များတွင် **ဆီးနှင်း**များ ဖုံးလွှမ်းနေသည့်အပြင်၊ ခရီးအလွန်ကြမ်းတမ်းလေသည်။ **နောက်တစ်နေ့သည် ဇူလိုင် (၃)ရက်နေ့ ဖြစ်သည်။ မြို့ပြင်တောင်ကုန်းများတွင် ဝိပဿနာတရားတော်များကို (၃)ရက်တိုင်တိုင် အပြင်းအထန် ဟောကြားပို့ချလေသည်။**

ဇူလိုင် (၁၃)ရက်၊ ဆရာတော်သည် အာရိယံထေရဝါဒအသင်း (Aryan Tharavadan Society)၏ ဧည့်သည်တော်အဖြစ် ကဲလ်ဂေရီ (Calgany) သို့ ပင့်ဆောင်ကြလေသည်။ ဆရာတော်သည် ထိုဒေသတွင် ရက်သတ္တပတ် သီတင်းသုံးရင်း၊ ပူဇော်ပွဲများနှင့် အရဟံမှ ဘဂဝါ ထိသော ဂုဏ်တော်ကိုးပါး သမထကျင့်စဉ်များကို ရှင်းလင်း ဟောကြားလေသည်။ ထိုမှတဆင့် တိုရန်တို (Toranto)၊


အွနဲတယ်ရီအို (Urotario)သို့ ကနေဒီယံ မြက်ခင်းတောကြီးကို ရထားဖြင့် ကြွ လေသည်။ (၃)ရက်ခရီးဖြစ်သည်။ ဇူလိုင် လ (၂၃)ရက်နေ့တွင် ဆရာတော် ဦး အာနန္ဒာဗောဓိ၏ တပည့်များဖြစ်သော ဓမ္မရိပ်သာအဖွဲ့များက ကြိုဆိုဂုဏ်ပြုကြ လေသည်။ တစ်ညတာခိုနားပြီးနောက်၊ ၁၉၅၈ခုနှစ်တွင်၊ ဆရာတော်တည်ထားခဲ့ သော နယူးရောက်မြို့၊ အဲလီဂဲနီ (Allagany) ရှိ၊ အမေရိကန် ရွှေတိဂုံသို့ ခရီးဆက်ခဲ့သည်။ အလ်လီဂန်နီ (Allagany)တွင် ဆရာတော်သည် မူလစေ ဒါယကာ မစ္စတာ တိုနီလဲတိုနာ (Tony Lentok) နှင့်အတူ စေတီတည်ထားရာ မစ္စတာဂပ်(စ်)ရပ်ဂျီအာရီ၏ လယ်ယာ သို့ ရောက်ခဲ့သည်။



အမေရိကန် ရွှေတိဂုံစေတီတော်အား ဉာဏ်တော်မြှင့်တင် နေစဉ်။

## အမေရိကန်ရွှေတိဂုံစေတီ ဉာဏ်တော်မြှင့်တင်ရန် စီစဉ်ခြင်း

၁၉၅၈ ခုနှစ်မှ ၁၉၈၂ ခုနှစ် အတွင်း၊ ဆရာတော်စတင် တည်ထား ခဲ့သော အမေရိကန်ရွှေတိဂုံစေတီတော် ကို ဝိုင်းရံ၍ တောကြီးမျက်မည်း ဖုံးအုပ် လျက်ရှိသည်။ အမှတ်အသားအဖြစ် မခုတ်ဘဲ ချန်ထားခဲ့သော အပင်ကြီး သည်လည်း သစ်တော်ထဲတွင် ပျောက် နေပေသည်။ စေတီတော်ကို တောကြီး မျက်မည်းထဲတွင် ရှာကြရာ၊ မတွေ့ကြ သည့်အဆုံး၊ အလျှော့ပေး၍ ပြန်ကြရ တော့မည့် အခြေအနေသို့ ရောက်ပြီးနေ မှ ဆရာတော်သည် သစ္စာပြုတော့ရာ၊ စေတီတော်အား အပင်ကြီးတစ်ပင်၏ အကာအကွယ်နောက်တွင် ဖူးတွေ့ရ လေသည်။အားလုံးမှာ ပျော်ရွှင်ကြရ သည်။ ကြက်သရေ မင်္ဂလာအပေါင်း ခညောင်းသော အချိန်အခါဝယ်၊ မူလ ဒါယကာ မစ္စတာဂပ်(ခ်) ရပ်ဂျီအာရီ



ကနေဒါနိုင်ငံ ကင့်မောက်ရှိ ကနေဒီယန် ရွှေတိဂုံစေတီ။



*ကနေဒါနိုင်ငံ ကင့်မောက်တွင် ဓါတ်ပေါင်းစုံ ဆရာတော်ကြီး အား တပည့်များနှင့်အတူ တွေ့ရစဉ်။*

ဖြင့်၊ သတ္တဝါတို့၏ ကုသိုလ် ပွားများကြစေရန်အလို့ငှာ၊ ဆရာတော်သည် ပြန်လည် ကြွရောက်ပြီး စေတီတော်အား ဘက်စုံမွမ်းမံရန် သံဓိဋ္ဌာန် ချမှတ်လိုက်လေသည်။

ဇူလိုင် (၂၅)ရက်နေ့တွင် ဝါရှင်တန်ဒီစီသို့ ကြွရောက်လေသည်။ သံအမတ်ကြီး ဦးကျော်ခိုင်နှင့် အိုက်ဒါဟိုရှိ ဗွိုက်(စ်)တွင် မကြာမီကတည်ထားသည့် စကြဝဠာစေတီတော်နှင့် ပတ်သက်သည့်တို့ကို ဆွေးနွေးကြလေသည်။ စေတီဆက်လက်တည်ဆောက်စဉ် ရက်သတ္တနှစ်ပတ်အတွင်း၊ ကမ္မဋ္ဌာန်းတရားများကို ပြင်းပြင်းထန်ထန် ပွားများကြလေသည်။ ထို့အပြင်ဆရာတော်သည် ဆောက်ရန်ကိစ္စကိုလည်း သံအမတ်ကြီးထံမှ အကြံဉာဏ်တောင်းခံရာ၊ သံအမတ်ကြီးက အဖက်ဖက်မှ ကူညီပါဝင်မည်ဖြစ်ကြောင်း လျှောက်ထားလေသည်။ ထိုနေ့တွင်ပင်၊ ကမ္ဘောကုလသမဂ္ဂသံအမတ်ကြီး ဦးစောလှိုင်နှင့်တွေ့ဆုံရေးကို စီစဉ်ပေးလေသည်။ ဦးစောလှိုင်ကလည်း အနောက်တိုင်း၊ ဗုဒ္ဓသာသနာတိုးပွားရေး ကြိုးပမ်းအားထုတ်မှုအား အလေးအနက် လက်ခံကြိုဆိုလေသည်။

ဇူလိုင်လ (၂၈) ရက်နေ့တွင် ဆရာတော်သည် အမေရိကန်နိုင်ငံ၊ နယူးယောက်စီတီး (New York City) မှ ကနေဒါသို့ထွက်ခွာရာ၊ နောက်တစ်နေ့တွင် အွန်ကာရီယိုနယ် (Ontario)၊ ကင်ဗောဓိ၏ကျောင်းသို့ ကြွရောက်လေသည်။ ကနေဒါဓမ္မရိပ်သာ (Dhama Centre of Car ႀ)က ဓါတ်ပေါင်းစုံ ဆရာတော်ဦးသီလဝန္တ အား၊ ကမ္မဋ္ဌာန်းတရားများ ပေးသနားပါရန် လျှောက်ထားကြလေသည်။ ထို့အပြင် ကင်မောင့် (Kinmount) ရှိ ဧက (၄၀၀)ကျယ်သော ရိပ်သာအတွင်း စေတီတော်တစ်ဆူ တည်ထားရန်ကိုပါ လျှောက်ထားကြလေသည်။

## ပထမကနေဒီယံရွှေတိဂုံတည်ခြင်း

စေတီတည်ခြင်းကို ၁၉၈၂ခု၊ ဩဂုတ်လ (၄)ရက်နေ့၊ လပြည့်နေ့နံနက်တွင် စတင်လေသည်။ ဓါတ်တော်



ဉာဏ်တော်မြှင့်တင်ရေးအတွက် ကင်မောင့် (Kinmount) မှ ထွက်ခွာကြလေသည်။ လုပ်ငန်းကို မြို့နှင့်ဝေးသည့် နေရာတွင် (၈)ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် ဖြစ်ရကား၊ ဆရာတော်သည်၊ ကနေဒီယံ တပည့်တစ်ဦးက ပေးထားသော၊ တည်းခိုခန်းအဖြစ် အသုံးပြုနိုင်သော မော်တော်ကား (Mobil Camping Van) တွင် သီတင်းသုံးလေသည်။

တပည့်များမှာ စေတီအနီးရှိ တောထဲတွင် နေထိုင်ကြလေသည်။ ဩဂုတ်လ (၂၉)ရက်တွင် လုပ်ငန်းစလေသည်။ ရက်သတ္တတစ်ပတ်အတွင်း စေတီဉာဏ်တော်မှာ (၁၀)ပေမှ (၃၁)ပေမှာ ဌာပနာခြင်းပြုလုပ်ပြီးနောက်၊ ဩဂုတ်လ (၂၂)ရက်တွင် အနေကဇာတင် ပူဇော်ပွဲ ကျင်းပလေသည်။ ဤစေတီမှာ ကနေဒါတွင် ဆရာတော်တည်သည့် ပထမဆုံးစေတီတော် ဖြစ်လေသည်။ ဓါတ်ပေါင်းစုံဆရာတော်သည် တစ်လလုံးလုံး၊ တပည့်ဒါယကာ၊ ဒါယကာမများအား ပရိတ်တော်များ ရွတ်ဖတ်နည်းနှင့် ဗုဒ္ဓနုဿတိ ပွားများနည်းတို့ကို သွန်သင်ပို့ချလေသည်။ ပရိသတ်များမှာ ရှစ်ပါးသီလ (သို့မဟုတ်) ငါးပါးသီလကို စောင့်ထိန်းကြသည်။ တစ်ဦးသောပုဂ္ဂိုလ်ဆိုလျှင် မေတ္တာဘာဝနာကို ပါ ပွားများရသော ကိုးပါးသီလကို တည်ဆောက်လေသည်။


## ကနေဒါမှ အမေရိကန်ရွှေတိဂုံ ဉာဏ်တော်မြှင့်ရန်ကြွခြင်း

ဩဂုတ်လ (၂၇)ရက်နေ့တွင်၊ ဆရာတော်သည် တပည့် (၂၀)နှင့်အတူ နယူးရောက်မြို့၊ အဲလီဂန်နီရှိ အမေရိကန်ရွှေတိဂုံစေတီတော်အား ဘက်စုံမွမ်းမံ



*ကနေဒါနိုင်ငံ ဗန်ကူဗာရှိ "ကမ္ဘာ့ စေတီတော်" ပုံ (၁၀ နှစ်မြောက် ပူဇော်ပွဲ)*

အထိ တိုးမြှင့်ပြီးလေပြီ။ ၁၉၈၂ခု၊ စက်တင်ဘာလ (၆)ရက်နေ့ နံနက်တွင် အနေကဇာတင်ပြီးလေသည်။ ဆရာတော်က ဒေါလာတစ်ထောင်ပါဝင်ပြီး၊ ကျန်လိုအပ်သောကုန်ကျစရိတ်အတွက်၊ ကနေဒါ ဓမ္မရိပ်သာအဖွဲ့များက လှူဒါန်းကြသော ကုသိုလ်အားလုံးကို အမျှယူကြပါလော့။




## ကနေဒါတွင် ဒုတိယစေတီတည်ခြင်း။

စက်တင်ဘာလ (၆)ရက်နေ့တွင် ဆရာတော်သည်၊ တိုရန်တို (Toranto)သို့ ပြန်ကြွလေသည်။ နောက်တစ်နေ့တွင် မိုင်ပေါင်း (၃၀၀၀)ခန့်ဝေးသည့် ဗာန်ကူဗာသို့ လေယာဉ်ဖြင့် ကြွလေသည်။ ထိုညတွင်ပင် ဂါလီယာနိုကျွန်း (Gallano Island)သို့ ကူးတို့ဖြင့်ကူးလေသည်။ စက်တင်ဘာလ (၉)ရက်တွင်၊ ခရစ်စတဲမောင်းတိန်း ရိပ်သာစခန်း (Crystal Mountain Meditating Centre) တွင် ဒုတိယကနေဒီယံစေတီတော်အားတည်ရန် စတင်လေသည်။ စက်တင်ဘာလ (၁၈)ရက်၊ စနေနေ့တွင် စေတီတည်ပြီး၍ အနေကဇာတင်ပွဲ ကျင်းပနိုင်ခဲ့လေသည်။ ဤ (၁၀)ရက်တာကာလအတွင်း ဆရာတော်သည် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်း ဟောကြားခဲ့သေးသည်။ ဆရာတော်သည် ကနေဒါခရီးစဉ် နောက်ဆုံးလုပ်ငန်း ပြီးစီး၍၊ စက်တင်ဘာလ (၂၀)ရက်နေ့တွင် လောစ်အိန်ဂျလိ(Los Angeles) သို့ ပြန်ကြွခဲ့လေသည်။

ကာလီဖိုးနီးယားတွင် ဆရာတော်အား ဒေါ်တုတ်မိသားစုက လိုလေသေးမရှိအောင် ထောက်ပံ့ကြသည။ မြောက်အမေရိကားမှ တပည့်များ၏ သံမိဋ္ဌာန်နှင့် တက်ကြွမှုများကို ကြားသိရသောအခါ ပရိသတ်သည် အလေးအနက် လှုပ်ရှားခံစားရသည်။ အောက်တိုဘာလ (၁)ရက်နေ့တွင် ဆီယာရာတောင်တန်း (Sierra Mountain)ရှိဆီမိုက်အမျိုးသားဥယျာဉ် (Rosemite National Park) အနီးရှိ၊ မစ္စတာ ရပ်(ခ်)ဘေးလ်(လ်)ရော့(ဖ်) (Mr. Russell Rolfe) နေအိမ်သို့ (၆)နာရီကြာ မော်တော်ကားဖြင့်ကြွရောက်ခဲ့ပြီး၊ (၁၀)ရက်ကြာ တရားစခန်းကို ဖွင့်လှစ် ပို့ချပေးခဲ့ပါသည်။ ဆရာကော်သည် ဘုရား၊ တရား၊ သံဃာ၊ ရဟန္တာနှင့် နတ်ဒေဝတာများအား ရည်စူး၍ ဆွမ်း (၄၉)ပွဲ၊ ရေတော် (၄၉)ပွဲတို့ကို ကပ်လှူပူဇော်သည်။ ချမ်း




*ကနေဒါနိုင်ငံ ဗန်ကူဗာ (ဂါလီယာနိုကျွန်း)၌ ဗုဒ္ဓတရားဓမ္မဆွေးနွေးစဉ်။*




ကာလီဖိုးနီးယားပြည်နယ်၊ ယိုဆီမိုက်တီအနီး (၁၀)ရက် တရားစခန်းတွင် ဆွမ်း၊ ရေချမ်းကပ်လှူ ပူဇော်ကြစဉ်။

မြေ့ ပျော့်ရွှင်မှုဟုံ့၏ အဟာန့်အတား ဟူသမျှ ပျောက်ကင်းစေရန်အလို့ငှာ ဆောင်ရွက်ခြင်း ဖြစ်ပေသည်။ လော့စ်အိန်ဂျလီနှင့် ဆန်ဖရန်စစ္စကိုမှ တပည့်များ ရောက်လာကြပြီး၊ ဗုဒ္ဓနုဿတိကမ္မဋ္ဌာန်းကို ဖွဲ့ကြီးကြီးဖြင့် စီးဖျန်းကြသည်။

အောက်တိုဘာလ (၁၁)ရက်နေ့တွင် ဆန်ဖရန်စစ္စကိုသို့ ကြွရောက်ပြီး၊ မစ္စတာ လီယွန် (Mr. Leon) ၏ အိမ်တွင် (၂)ရက်၊ ဦးအောင်မြင့်၏ နေအိမ်တွင် (၄)ရက်၊ သီတင်းသုံးပြီး၊ (၁၇)ရက်နေ့တွင်၊ လော့စ်အိန်ဂျလီမြို့သို့ ပြန်ကြွပြီး၊ ဒေါ်တုတ်၏ နေအိမ်တွင် သီတင်းသုံးလေသည်။ နိုဝင်ဘာ (၁၃)ရက်နေ့တွင်၊ ဟာဝိုင်ယီ (Hawaii) သို့ကြွပြန်သည်။



"နယူးဇီလန် ရွှေတိဂုံစေတီတော်" ကို နေအရုဏ်တက် ချိန်၌ ဖူးတွေ့ရစဉ်။



နယူးဇီလန် ရွှေတိဂုံစေတီတော်နှင့် ဆရာတော်

လိုနိုလူလူ (Honolulu) ရှိ တပည့်များ၏ ဒေသဝတ်ပြုမှုဖြင့် တစ်ပတ်လုံးလုံး အနားယူရင်း တရားပြခဲ့သည်။ ဟိုနိုလူလူမှ တစ်ဆင့် အရှင်အာနန္ဒဗောဓိ၏ တပည့်များဖြစ်ကြသော စဖီးယားဂရု၊ နယူးဇီလန် (Sphere Gro-up of New Zeland) ၏ ပင့်[illegible]ချက်ကြောင့် နယူးဇီလန်သို့ ကြွ[illegible]သည်။

## နယူးဇီလန်သို့ သာသနာပြုခရီး

ဓါတ်ပေါင်းစုံဆရာတော်သည် အမေရိကန်တွင် ရှိနေစဉ်၊ ဆရာတော် အရှင်အာနန္ဒဗောဓိ၏ တပည့်များဖြစ်ကြသော (Sphere Group of Naw Ze-land) စဖီးယားဂရု၊ နယူးဇီလန်၏ ပင့်ဖိတ်လျှောက်ထားချက်အရ နယူးဇီလန် (New Zeland) သို့ ကြွလေသည်။ နိုဝင်ဘာ (၂၃) ရက်နေ့တွင် (Aukland) အော



နယူးဇီလန် ရွှေတိဂုံစေတီတော်အတွက် စေတနာရှင် နိုင်ငံခြားသားများ စိတ်ဝင်စားစွာ ထီးတော်ပြုလုပ်နေစဉ်။

ကလန်သို့ ရောက်လေသည်။ အော့ကလန်တွင် သီတင်းသုံးနေစဉ်၊ နှစ်ညတိုင်တိုင် ကမ္မဋ္ဌာန်းတရားများ ပေးပြီး၊ ဗုဒ္ဓနုဿတိတရားကို အရဟံမှ ဘဂဝါအထိ ဟောကြားလေသည်။ တော်ရန်ဂါ (Tauranga)အနီးတစ်ဝိုက်တွင် နေထိုင်ကြသူများအား ကမ္မဋ္ဌာန်းတရားပေးပြီး၊ ပရိတ်တရားတော်များကို ချီးမြှင့်လေသည်။

ဆရာတော်သည်၊ နိုဝင်ဘာလ (၃၀)ရက်နေ့တွင်၊ လိတ်တော်ပို (Lake Taipo)မှတဆင့် ဝဲလ်လင်တန် (Willinton) သို့ ရောက်ရှိလေသည်။ ဆရာတော်သည် လှူသတ္တဝါများ အန္တရာယ်ကင်း၊ ဘေးရှင်းစေရန်၊ ညနေပူဇော်ပွဲများ ပြုလုပ်ပေးသည့်အပြင်၊ တရားနာ ပရိသတ်အား နေ့စဉ်မှန်မှန် တရားအားထုတ်ရေးအတွက် တိုက်တွန်းအားပေး လေသည်။ ဒီဇင်ဘာလ (၃)ရက်နေ့ တွင် ကုတ်ရေလက်ကြားကူးတို့ (Cook Strait Ferry)ဖြင့် နယူးဇီလန်တောင်ကျွန်းသို့ကြွပြီး၊ ထိုနေ့၌ပင် နဲလ်ဆင် (Nelson) အနီးရှိ ဝန်ဂပေကချိုင့်ဝှမ်း (Wangapeka Valley)ရှိ စဖီးယားဂရုအဖွဲ့၏ (၁၄၄) ဧကကျယ်သော တရားရိပ်သာသို့ ကြွလေသည်။

ဆရာတော်သည် စဖီးယားဂရုအဖွဲ့နှင့် စေတီတည်သည့် မြေကိစ္စနှင့် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းတို့ကို ညွှန်ကြားလေသည်။ ထို့နောက်ခရစ်ချာ့ခရစ်ယာန်ကျောင်း (Christ Church)သို့ ကြွရောက်ကာ၊ ရတနာသုံးပါး၊ ရဟန္တာများနှင့် နတ်ဒေဝတာများအတွက် ဆွမ်း (၄၉)ပွဲ၊ ရေ (၄၉)ပွဲဖြင့် ပူဇော်ပွဲ ကျင်းပ ခဲ့လေသည်။ ဒီဇင်ဘာလ (၄)ရက်နေ့တွင် ဝင်ဂပက်ကရိပ်သာသို့ ပြန်ကြွလေသည်။ ထိုစဉ်က ဆရာတော်မှာကြားသည်မှာ–

"ဗုဒ္ဓတရားတော်ကို နားလည်သဘောပေါက်နိုင်သော စကားဖြင့် ဟောရပါမည်။ ဗုဒ္ဓ၏ လေးနက်သော တရားတော်ကို၊ ဆရာတော်က ပါဠိဘာသာဖြင့် ဟောကြားပါက နားလည်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ကုသလ၊ အကုသလကိုကောင်းခြင်း၊ မကောင်းခြင်းနှင့် ဆက်စပ်၍ပြောပါက နားလည်နိုင်မည် သာဖြစ်ပါ၏။ ဘောလုံးကစားရာ၌ တစ်ဦးသောသူက ဘောလုံးကိုရလျှင် ထိုသူ့နောက်သို့ တစ်ဘက်ဘောလုံးအသင်းမှ ဘောလုံးသမားများ ချက်ခြင်းလိုက်ကြလိမ့်မည်။ ခွန်အားကြီး၍၊ ဖွဲ့ကြီးသူသာလျှင် အနိုင်ရလိမ့်မည်။ ထို့အတူ ကောင်းမှုပြုသူ၏နောက်သို့ အကုသိုလ်က ဆွဲဆောင်မှုများဖြင့် အဖျက်လုပ်ကြလိမ့်မည်။ အဓိဋ္ဌာန်ခိုင်မာသူအတွက် ကုသိုလ်ကအနိုင်ရပြီး၊ သမာဓိကို ထူထောင်နိုင်ပေမည်"

ဟု ဖြစ်ပါသည်။

## နယူးဇီလန်ရွှေတိဂုံစေတီတော် တည်ခြင်း

နယူးဇီလန် ရွှေတိဂုံစေတီတော်ကို ဆာမာဆော့စတပ် (Summer Selstice)တွင်၊ ဒီဇင်ဘာ (၂၂)ရက်နေ့က၊



ဓါတ်ပေါင်းစုံဆရာတော်ကြီး၏ ဦးဆောင်ညွှန်ကြားမှုဖြင့် တည်ခဲ့သော "ဩစတြေလျ ရွှေတိဂုံစေတီတော်"ကို ဖူးတွေ့ရစဉ်။



*ဓါတ်ပေါင်းစုံ ဆရာတော်နှင့် ဩစတြေလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါက်တာအောင်သန်းတို့ ဗုဒ္ဓသာသနာပြုရန် ဆွေးနွေးကြစဉ်။*

ပန္နက်ရိုက်လေသည်။ လေပြင်းထန်စွာ တိုက်ခိုက်သည့် တောင်ကြားလမ်းတွင် တည်ထားခြင်းဖြစ်၍၊ အားဖြည့်သံမဏိ ချောင်းများ ခိုင်ခိုင်မာမာ တည်ဆောက်ရခြင်းဖြစ်ပေသည်။ ၁၉၈၃ခုနှစ်၊ ဇန်နဝါရီလ (၂)ရက်နေ့တွင် ဘုရားဓါတ်တော်များနှင့် ရဟန္တာဓါတ်တော်များ ဌာပနာ၍၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် အနေကဇာပူဇော်ပွဲ ကျင်းပလေသည်။ စေတီတော်၏ ဉာဏ်တော်မှာ (၁၉)ပေ ရှိလေသည်။ ဘွဲ့တော်မှာ နယူးဇီလန်ရွှေတိဂုံစေတီတော် ဖြစ်ပါသည်။

ထို့နောက် ဆရာတော်သည် ဝဲလီန်တန် (Willinton) သို့ပြန်ကြွပြီး မစ္စတာအလ်လန်စမစ် (Mr. ALan Smith) ၏ နေအိမ်တွင် (၃)ညတာ သီတင်းသုံးနေစဉ်၊ တပည့်များအား၊ မိမိ၏ စိတ်ချမ်းသာမှု၊ သူတစ်ပါး၏ စိတ်ချမ်းသာမှုအတွက် ဗုဒ္ဓတရားတော်များကို ကျင့်ကြံအားထုတ်ကြရန်၊ တိုက်တွန်းအားပေးဟောကြားတော်မူသည်။ ဝဲလ်လင်တန်မှတဆင့် အော်ကလန်သို့ ခရီးဆက်ကြပြန်သည်။ လမ်းတွင် ဝေမိုတို (Waimoto) အနီးရှိ မြေအောက်ဂူကြီးများကို ကြည့်ရှုပြီးနောက်၊ နယူးဇီလန်နိုင်ငံ၏ အကြီးဆုံးမြို့သို့ ပြန်ကြွခဲ့သည်။ ဆရာတော်သည် မစ္စတာ ဒေးဗစ်ပူးချ် (Mr. David Pooch) နေအိမ်တွင် ရက်သတ္တပတ်မျှ သီတင်းသုံးနေစဉ်အတွင်း ပရိတ်တရားများ ရွတ်ဖတ်ပူဇော်ခြင်း၊ ဗုဒ္ဓနုဿတိတရားတော်ကိုဟောခြင်းကို ညတိုင်းပြုလုပ်လေသည်။ ထိုသို့သီတင်းသုံးနေစဉ် ဦးစိုင်းဟာ၊ ဒေါ်နုနုခင်နှင့် တပည့်များက လျှောက်ထားတောင်းပန်ချက်အရ ဆရာတော်သည် ဗုဒ္ဓလမ်းစဉ်ကိုလျှောက်လိုသူများ အတုယူနိုင်ရန် ရည်ရွယ်၍ ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို ရေးသားရိုက်နှိပ်ရန် သဘောတူလေသည်။

## ဩစတြေးလျသို့ သာသနာပြုခရီး

ဓါတ်ပေါင်းစုံဆရာတော်အား၊ နယူးဇီလန် စဖီးယားဂရုအဖွဲ့နှင့် ဩစတြေးလျနိုင်ငံ၊ ပါသ့် (Perth)ရှိ၊ အောရိဂျင်စင်တာ (Origin Centre) ၏ ပင့်လျှောက်ခြင်း အစီအစဉ်ဖြင့် ဩစတြေးလျနိုင်ငံ၊ ဆဒ္ဒနီမြို့ (Sydney)သို့ ၁၉၈၃ ခုနှစ်၊ ဇန်နဝါရီ (၂၂)ရက်နေ့က ကြွရောက်ခဲ့လေသည်။ ထိုမှတဆင့် ကင်ဘာရာမြို့တော် (Canberra) သို့ ကြွရောက်၍၊ ဩစတြေးလျဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါက်တာအောင်သန်း (ယခင်သွားဖက်ဆိုင်ရာ ပါမောက္ခချုပ်) နှင့် ဗုဒ္ဓတရားတော်များ ဩစတြေးလျနိုင်ငံတွင် မိုင်မာစွာ စိုက်ပျိုးနိုင်ရန် ဆွေးနွေးလေသည်။ ထိုသို့ ဆွေးနွေးပြီးနောက် အဲဒီလိတ်မြို့ရှိ၊ ဗစ်ထရီစင်တာ၏ ညွှန်ဆရာတော်ကြီးအဖြစ် သီတင်းသုံးစေခဲ့သည်။



*ဓါတ်ပေါင်းစုံ ဆရာတော်ကြီးနှင့် အင်္ဂလန်နိုင်ငံသား ဘိက္ခုခေမာဓမ္မောကို တွေ့ရစဉ်။*

## ဩစတြေးလျရွှေတိဂုံတည်ခြင်း

ဆရာတော် အာနန္ဒာဗောဓိ၏ တပည့်များ တည်ဆောက်ထားသော အဲဒီလိတ် ဗုဒ်ထရီစင်တာ၊ (Adelaide) နှင့် ပါ့သ်ရှိ အိုရီဂျင်စင်တာ (Orgin Cetre) များ၏ လျှောက်ထားချက်ကြောင့် ဆရာတော်သည် အဲဒီလိတ်တွင် ပထမဆုံး ဩစတြေးလျရွှေတိဂုံစေတီတော်ကို တည်ခဲ့ပေသည်။ ဓါတ်ပေါင်းစုံဆရာတော်သည် အဲဒီလိတ်တွင် သီတင်းသုံးနေစဉ်၊ ဩစတြေလျ ရွှေတိဂုံစေတီတော်မြတ်ကို တည်ထားပေးခြင်းနှင့် တရားရေအေးတိုက်ကျွေးခြင်းတို့ကို ပြုလုပ်ပေးခဲ့ပါသည်။ ဓါတ်ပေါင်းစုံဆရာတော်သည် ကမ္ဘာ့အရှေ့ခြမ်းနှင့် ကမ္ဘာ့အနောက်ခြမ်းရှိ (၆)နိုင်ငံတို့တွင် ခိုင်မာသော ဗုဒ္ဓရှင်တော်၏ သာသနာ့အထိမ်းအမှတ် စေတီတော်များ တည်ထားပေးခြင်းဖြင့်၊ ဗုဒ္ဓ၏ တရားတော်များအား သိမှတ်နေစေရန်၊ လူသားတို့အား လှုပ်နိုးခဲ့ပေပြီ။ မျှော်လင့်ချက်များကို လန်းဆန်းခဲ့ပေပြီ။ ကြည်လင်ရှင်းလင်းသော တရားအဆီအနှစ်များကို အမှတ်တရ ထားခဲ့ပေသည်။ သိတ္တဝါတို့၏ မျှော်လင့်အားထားရာ လုပ်ငန်းကို ဆရာတော်ဆက်လက်ဆောင်ရွက်နိုင်ပါစေတော့ဟု တပည့်များက၊ သာဓုအနုမောဒနာ ခေါ်ဆိုလိုက်ကြပါသည်။

**ကောင်းသလား – ထားပါ။**
**မကောင်းဘူးလား – မထားပါနှင့်**
**ဆာပါသလား – စားပါ**
**မဆာဘူးလား – မစားပါနှင့်။**

## အင်္ဂလန်ကျွန်းတွင် စေတီတည်ခြင်း (၂၅၂၁၊ ၁၃၅၀၊ ၁၉၈၈)

သည်အင်္ဂလိပ်ရွှေတိဂုံပဂိုးဒါး (The English Shwedagon Pagoda) ဟူသော ခေါင်းစဉ်ဖြင့် အင်္ဂလန်ရှိ ဖောရစ်ဟာမစ်တစ် (Forest Hermit-age)၏ သတင်းလွှာတွင်၊ မြန်မာနိုင်ငံမှ ဆရာတော်ဦးသီးဝန္တ ကြီးမှူး၍ သတ္တဝါအပေါင်းတို့ ကောင်းကျိုးချမ်းသာရစေရန် ရည်ရွယ်၍ တည်ဆောက်ပါသည်ဟု ဖော်ပြထားပါသည်။

ဓါတ်ပေါင်းစုံဆရာတော်အား တောရကျောင်းဆရာတော် အင်္ဂလန်နိုင်ငံသား ဘိက္ခုခေမာဓမ္မော (Bikkhu Khema-dame) က ပင့်လျှောက်၍ အင်္ဂလန်သို့ ကြွရောက်ခြင်း ဖြစ်ပါသည်။ ဆရာတော်နှင့်အတူ ဦးအဂ္ဂဓိနလည်း လိုက်ပါကြွရောက်လေသည်။

အင်္ဂလိပ် ရွှေတိဂုံစေတီ တည်ဆောက်ခြင်းနှင့် ပတ်သက်၍ သတင်းလွှာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို ဆီလျော်အောင် ဘာသာပြန်၍ တင်ဆက်လိုက်ရပါသည်။

သက်တော် (၇၆)နှစ်ရှိ၊ ရန်ကုန်

မှ ဓါတ်ပေါင်းစုံ ကျောင်းတိုက်ဆရာတော် ဦးသီလဝန္တနှင့် လက်ထောက် ဦးအဂ္ဂဇိနအရှင်သူမြတ်တို့သည် ကြွရောက် လာကြပါပြီ။ အင်္ဂလိပ် ရွှေတိဂုံစေတီတော်ကြီးကိုလည်း တည်ဆောက်ကြရတော့မှာပါ။ အားလုံးလိုလိုသိကြသည့်အတိုင်း လိုအပ်ချက်အနည်းငယ်ကြောင့် ကျွန်ုပ်တို့ ကြာမြင့်စွာ စောင့်မျှော်နေရတဲ့ စေတီတော်ကို ဩဂုတ်လ (၁)ရက်နေ့၊ တနင်္ဂလာနေ့နံနက်တွင် စတင်တည်ဆောက်ပါသည်။

လွန်ခဲ့သော ကြာသပတေးနေ့နံနက်တွင်၊ ပန္နရိုက်၊ အုတ်မြစ်ချမှ အစလ္လ (Asalhapuji)၊ ပူဇော်ခဲ့ကြသည်။ ဆရာတော် ဦးသီးဝန္တ ကြွရောက်ရန် (၁)နှစ်ကျော်စောင့်ရင်း စိတ်ထဲတွင် စေတီတော်မှ ပူးတွေ့ရပါ့ မလားဟု ကြိမ်ဖန်များစွာ စဉ်းစားခဲ့သည်။ နောက်ဆုံးအချိန်တန်လျှင် အားလုံး စုစည်းမိကြမှာပါဟု ကိုယ့်ကိုယ်ကို နှစ်သိမ့်နေမိသည်။ ဓါတ်ပေါင်းစုံ ဆရာတော်သည် ကောင်းကင်ကများ ချက်ခြင်း ကြွလာမလားဟု ထင်စေခဲ့သည်။ တကယ်တမ်းကြွရောက်လာတော့ (Aeroflot) ဖြင့် ရတ်တရက် ကြိုတင်အကြောင်း မကြားထားသလို ကြွရောက် လာပြန်တော့သည်။ ၎င်းတို့မှာ စေတီတည်သည့် အတွေ့အကြုံ မရှိခြင်း၊တစ်ဦးနှင့်တစ်ဦး ဘာသာစကား အနည်းငယ်သာ ဖလှယ်နိုင်ခြင်း စသည့် အခက်အခဲများကြားမှ ဆရာတော်နှင့် လက်ထောက် ဦးအဂ္ဂဇိနတို့အတွက် နေရာထိုင်ခင်း စသည်တို့ကို ဝိုင်းဝန်းစီစဉ်ကြတော့သည်။ သို့မှသာ အလွန်ကြီးမားသော စေတီတည်ခြင်း လုပ်ငန်းကြီးကို အမြန်ဆုံး ဆောင်ရွက်နိုင်ကြပေလိမ့်မည်။

၁၉၈၈ခုနှစ်၊ ဇူလိုင်လ (၂၂)ရက် ကြာသပတေးနေ့နံနက်၊ (၉)နာရီကျော်တွင် ဓါတ်ပေါင်းစုံဆရာတော်ဘုရား ဦးသီလဝန္တ ရွေးချယ်သည့် မြေနေရာတွင်၊ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့အလံငယ်ကို စိုက်ထူကြလေသည်။ သတ္တဝါအပေါင်းတို့ကို ကောင်းကျိုးချမ်းသာ အဖြာဖြာကို ပေးနိုင်စွမ်းသော အစွမ်းထက်သည့် ပရိတ်တရားတော်များကိုလည်း ရွတ်ဖတ်သရဇ္ဈာယ်ကြပြန်သည်။

ထို့နောက် ဆရာတော်တို့ (၂)ပါး၊ ရက်အနည်းငယ် လှေ့လာရေး ကြွနေစဉ်၊ စေတီအုတ်မြစ်ချနိုင်ရန်နှင့်



"အင်္ဂလိပ် ရွှေတိဂုံစေတီတော်" တည်စဉ်က ဓါတ်ပေါင်းစုံ ဆရာတော်နှင့် သံဃာတော်များက စေတနာရှင်များက ဆွမ်းလောင်းလှူကြစဉ်။

ဘုရားတည်ရာတွင် ကူညီမည့်သူ (၃) ဦးကို ရှာဖွေခြင်း၊ အုတ်၊ သဲ၊ ဘိလပ်မြေနှင့် လိုအပ်မည့် ပစ္စည်းကိရိယာများကို စုဆောင်းထားကြလေသည်။ ဆရာတော်တို့ တနင်္ဂနွေနေ့ညတွင် ကြွလာကြသည်။ တနင်းလာနေ့၊ နံနက်စောစောတွင် ဘိလပ်မြေသမစက်များ စတင်သည်ပတ်နေပေပြီ။

ရာသီဥတုမှာ မိုးရိပ် သမ်းနေသည်။ ထို့ကြောင့် ရွက်ထည်ဖျင်ထိုး၍ ရက်အနည်းငယ် အလုပ်လုပ်ကြရလေသည်။ ရက်များကုန်လွန်ခဲ့ရာ၊ တိမ်တောင်တိမ်လိပ်များနောက်သို့ တဖြည်းဖြည်း ရွေ့သွားလေသည်။ နေရောင်ခြည်ကလေးများ ရက်ကိုးရက်ကန်း ပြူလာသည်။ ဗုဒ္ဓဟူးနေ့၊ နံနက် (၈)နာရီ၊ (၃၀)မိနစ်တွင် အလွန်အရေးကြီးပြီး၊ တန်ဖိုးရှိသော ဌာပနာပစ္စည်းများ ဘုရားခန်းတွင် ရောက်ရှိနေပေပြီ။ ကျွန်ုပ်သည် ဌာပနာပစ္စည်းများ ပင့်ဆောင်၍ ဌာပနာတိုက်သွင်းသို့ ပင့်ဆောင်ရန် ချီးမြှင့်ခံရသဖြင့် ဌာပနာတိုက်တွင် ထည့်ပေးပါ



"အင်္ဂလိပ် ရွှေတိဂုံစေတီတော်"ကို ဆရာတော်၏တပည့် အရှင်အဂ္ဂိမိနက အသေးစိတ် ကြည့်ရှုနေစဉ်။



"အင်္ဂလိပ်ရွှေတိဂုံစေတီတော်" အား ဆရာတော်နှင့် တပည့်များ လက်ျာရစ် ပူဇော်ကန်တော့စဉ်။

သည်။ ဤသို့ ကြွခဲလှသော မင်္ဂလာအခါသမယဝယ်၊ စေတနာရှင်များက ဤစေတီတွင် ကုသိုလ်ပါဝင် လှူဒါန်းချင်သူတို့ကလည်း မိမိတို့ ဌာပနာလိုသော ပစ္စည်းများကို လှူဒါန်းကြပါသည်။ ဌာပနာဓာတ်တော် အလှူပစ္စည်းများမှာ ဗုဒ္ဓနှင့် ရဟန္တာဓါတ်တော် အဆူ (၅၀)ကျော်၊ ထိုင်းနိုင်ငံ၊ ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီး၏ မွေတော်ပါဝင်သော စေတီငယ်တစ်ဆူ၊ ရွှေတိဂုံမှ ရရှိခဲ့သော ကကုသန်၊ ကောဏာဂုံ၊ ကဿဖ၊ ဂေါတမ၊ မြတ်စွာဘုရားလေးဆူတို့၏ ဆင်းတုတော်ငယ်များ၊ ရွှေတိဂုံမှ အောင်မြေဆာနတ် (Snath) မှ ဖောင်ဓိသြောင်ရွက်တစ်ရွက်၊ ဆရာတော်ဘုရားကြီး အဂ္ဂါန်ချာလ်၏ ရုပ်ထုငယ်၊ လက်မဗွေပုံ၊ ဆံတော်နှင့် ဓါတ်ပုံတို့ကိုလည်း စေတီတော်တွင် ဌာပနာထားလေသည်။ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဘုရားလေးဆူတည်ရှိသကဲ့သို့ ဘုရားရှင်လေးဆူတို့၏ ဆင်းတုတော်များကိုလည်း အင်္ဂလိပ်ရွှေတိဂုံတွင် စံမြန်းတော်မူစေခဲ့ပါသည်။

တနင်္ဂနွေနေ့၊ (၇)ရက်မြောက်သောနေ့တွင် နေသည် အင်အားအပြည့်ဖြင့် သာလာတော့သည်။ အလှူရှင်များလည်း အစုအဝေးနှင့် များပြားလာတော့သည်။ဌာပနာတိုက်တွင် လှူဒါန်းလိုသော ပစ္စည်းများကို သဒ္ဓါတရား ထက်သန်စွာဖြင့် ပါဝင်လှူဒါန်းကြသည်။ ထိုညနေတွင် ဓါတ်ပေါင်းစုံဆရာတော်သည် ဌာပနာတိုက်ကို ပိတ်ပေးလေသည်။ (၈)ရက်မြောက်သောနေ့၊ (၈)ရက်၊ (၈)လ၊ ၁၉၈၈နေ့တွင် အင်္ဂလိပ်ရွှေတိဂုံစေတီ တည်ဆောက်ပြီးစီးလေသည်။ ဆေး(၃)ထပ်သုတ်ရန် လိုပေသည်။ ထို့နောက် (၁၄)ရက်နေ့တွင် ဘုရားအနေကဗာတင် ထီးတော်တင်ရန် ဖြစ်ပါသည်။ (၁၃)ရက်နေ့တွင်ကျွန်ုပ်တို့ စေတီတော်ကို ဆေးသုတ်ပြီးစီးလေသည် ကျွန်ုပ်၏စိတ်တွင်ကား စင်ကြယ်သန့်ရှင်းသောစိတ်ဖြင့်သာ တွေ့ထိကိုင်တွယ်ထားသည့် စေတီတော် အထူးသဖြင့် စင်ကြယ်သော ကျွန်ုပ်၏စိတ်ဟု သတိရှိနေစဉ်၊ ထိုနေ့ (၁၃)ရက်နေ့ ညနေပိုင်းတွင် မိုးများ ရွာသွန်းလိုက်တော့သည်။

နောက်တစ်နေ့နံနက် (၁၄-၈-၈၈)တွင် ပရိသတ် အတော်များများ ရောက်ရှိလာကြသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့တတွေမှာ စေတီခြေရင်းတွင် တောက်ပသော အဝါရောင်ဆေးငယ်များကို ခြောက်အောင်သုတ်နေရသည်။ မည်သို့ဖြစ်စေ စေတီတော်များ အဝါရောင်ဆေးများ ကျန်ရှိနေသေးပြီးအလွန်သပ္ပါယ်လှသည်။ မြန်မာ ပရိသတ်မှာ အလွန် စိတ်ကြည်နူးနေကြပြီး၊ ထိုနေ့သည်လည်း ကြည်နူးဘွယ် ရာနေ့ပင်ဖြစ်ပေသည်။ စားကောင်းသောက်ဖွယ်များဖြင့် စုံလင်လှသည်။ သံဃာတော်များ ဆွမ်းခံကြွကြ၏။ မွန်းတည့်ချိန်တွင် ထီးတော်တင်ပွဲ ကျင်းပကြပါသည်။ ဆရာတော်မှတဆင့် အစဉ်လိုက် ထီးတော်ကို လက်ဆင့်ကမ်း တင်ကြပါသည်။ ငှက်မြတ်နားနှင့် စိန်ဖူးတော်တို့ကိုလည်း ဆက်လက် တင်ကြပါသည်။ စိန်ဖူးတော်မှာ နေရောင်ခြည်တွင် အံ့သြဘွယ် ရောင်ခြည်များ ရတ်တရက် လွှတ်လိုက်လေသည်။ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်နေစဉ် မိုးဖွားများ ကျလာပါသည်။

ထိုညနေတွင် ကျောင်းသို့ရောက်ပြီး၊ နောက်တစ်နေ့တာအတွက် ပရိတ်များရွတ်ခြင်း၊ ဓမ္မတရားတော်များ ဆွေးနွေးခြင်း မပြုလုပ်မီ ဆရာတော် ဦးသီလဝဏ္ဏသည် ဘိက္ခုနီ ခေမာဓမ္မေအား အင်္ဂလိပ် ရွှေတိဂုံစေတီတော်အား ထိမ်းသိမ်းစောင့်ရှောက်ရန် ချီးမြှင့်လေသည်။

ဘုရား၊ စေတီပုထိုးတို့မည်သည် ရှေးအခါကပင် ဗုဒ္ဓဘာသာဝင်များ အစဉ်အလာမပျက် ဦးတိုက်ကြည်ညိုဖူးမြော်ကန်တော့ရန် ဖြစ်ပါသည်။ ဤစေတီတော်မြတ်သည် ရန်ကုန်တွင် အလွန်ထင်ရှားကျော်ကြားသော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ပုံတူဖြစ်လေသည်။ ဗြိတိန်နှင့် ဥရောပတွင် ပထမဆုံးတည်သည့် စေတီဖြစ်သည့်အတွက် ဘွဲ့တော်မှာ "အင်္ဂလိပ်ရွှေတိဂုံ" ဖြစ်ပေသည်။ ကျွန်ုပ်တို့အားလုံးသည် ဆရာတော် ဦးသီလဝဏ္ဏ၊ ဦးအဂ္ဂဓိနှင့် ဒေါက်တာကျော်မြင့်၊ ဤစေတီတော်ဖြစ်မြောက်ရေးအတွက် အလှူရှင်အားလုံးတို့၏ လုံ့လဝီရိယကို အမြဲဝမ်းမြောက်ကျေးဇူးတင်ရှိကြမည်သာ။ သတ္တဝါအားလုံး ချမ်းသာရပါစေ။


ဓါတ်ပေါင်းစုံဆရာတော်ဘုရားနှင့် ဦးအဂ္ဂဓိ နှစ်ပါးတို့သည် အင်္ဂလန်မှ ရန်ကုန်သို့အပြန် ရှရှားနိုင်ငံ၊ မော်စကိုမြို့တွင် ခေတ္တရပ်နားခဲ့ရသည်။ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ကြွရောက်လေသည်။ ထိုင်းနိုင်ငံတွင်လည်း စေတီတစ်ဆူ လှူဒါန်းခဲ့ပါသည်။

## ထိုင်းနိုင်ငံတွင် စေတီတည်ခြင်း (သာသနာသက္ကရာဇ် ၂၃၁၅ ခုနှစ်၊ ကောဇာ ၁၃၅၀၊ ခရစ် ၁၉၈၈)

ထိုင်းနိုင်ငံ၊ အက်ဘိုဂျင်းပရာသန်သာနီပြည်နယ်၊ ပါတ်စေတီတဝိုင်း ဆရာတော် အာဂျာန်ထုန်ကလန်စွမ်သာရှိသည်၊ ၁၉၄၂ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့တွင် အက်ဆွန်တန်ကရာဒီ၊ ဘမ်ပိုဒေသ၊ ပနာတုပြည်နယ်တွင် ဖွားမြင်တော် မူပါသည်။ ၁၉၇၉ခုနှစ်၊ ဇူလိုင်လ (၆)ရက်နေ့

တွင်၊ ဓါတ်ကယင်ဗရာရမ်ကျောင်း၌ ရဟန်းပြုခဲ့၏။ ထို ကျောင်းအဆောက် အဦးကိုလည်း ဝိုင်းဝန်းဆောက်ပေး ခဲ့၏။ ဆရာတော်သည် ထိုင်းနိုင်ငံတွင် တရားဘာဝနာ နည်းပြရာတွင် ထင်ရှား ကျော်ကြားသော ဆရာတော်သည် လမ်ပူးရောဒ်ကာရင်းနှင့် ဆရာတော်ကြီးများ၊ လမ်းပူးပရာဆတ်ရာနာရီ၏ တပည့်ရင်း ဖြစ်လေသည်၊ ထိုဆရာတော်ကြီးများ ထံမှ တရားဘာဝနာ ပွားများအားထုတ် နည်းနှင့် ဇီဝိတဒါန ဆေးကုသနည်းများ ကို (၃)နှစ်တိုင်တိုင် ကျင့်ကြံအားထုတ် ရင်း နည်းနာခံယူခဲ့သည်။ ထိုမှုဖြင့် မတင်းတိမ်သေး၍ ကမ်ချာနာပူရီပြည် နယ်ရှိ ဆန်ချာဘူရီတော် အထပ်ထပ် ကွင်းဆရာတော်ဘုရားကြီး လမ်ပူးဥတ္တမ ကို ရှာဖွေခဲ့လေသည်။ ဆရာတော်ကြီး လမ်ပူးဥတ္တမထံ တပည့်ခံရင်း၊ တရား ဘာဝနာပွားနည်းများကို ဆက်လက် လေ့လာခဲ့သည်။ ဆရာတော် လမ်ပူး ဥတ္တမ၏ လမ်းညွှန်မှုဖြင့် ဆရာတော် အာချန်ထုံ တာလန်ရိုစွန်တာသည် မြန် မာနိုင်ငံသို့ ကြွရောက်ကာ ဓါတ်ပေါင်းစုံ ဆရာတော်ထံတွင် (၅)လတိုင်တိုင် တရားဘာဝနာ ပွားများကျင့်ကြံ အား ထုတ်နည်းများကို ခံယူလေသည်။ ဆရာ တော် အာချန်ထုတ် ကလန်စွန်တာရို သည်၊ ထိုင်းနိုင်ငံသို့ ပြန်ရောက်ပြီး နောက်၊ ဓါတ်ကျင်ဗာရာရမ်တွင် သီ တင်းသုံးကာ ဇီဝိတဒါနအဖြစ် ရောဂါ အပေါင်းကို ကုသပျောက် ကင်းစေခဲ့ပါ သည်။

၁၉၈၂ခုနှစ်ဘွင် ဆရာတော် အာချန်ထုံကလန် စွန်သာရိုသည်၊ ယခင် တရားအားထုတ်စဉ်က အာရုံရခဲ့သော ဌာနကို တကာလန်ကျာလာနီးစဒ်လပ် ၏ အကူအညီဖြင့် အက်ပိုလဒ်လမ်ကီယို တွင် စပေါင်းဒါနဖြင့် မြေ (၁၁၃)ရိုင်



*ထိုင်းနိုင်ငံ၊ အက်ဘိုကျင်း၊ ပရာသမ်းသာနီပြည်နယ်၊ ဓါတ်စေတီ ဟဝိုင်စေတီ အဝင်လမ်းတွင် ဓါတ်ပေါင်းစုံ ဆရာတော် တည်ထားသည့်* ***စမစေတီ*** *ပုံ။*

ဝယ်ယူလိုက်လေသည်။ တရားစခန်းနှင့် ဆေးဝါးပင်များ စိုက်ပျိုးရန် ဖြစ်လေ သည်။ သံဃာတော်များ အိပ်နားရန် အဆောင်များ ဆောက်လုပ်ရန် မြေညှိရာ တွင် (၆)စင်တီမီတာခန့် အနက်ရှိသည့် နေရာတွင် အလွန်ကြီးမားလွန်းသည့် ခရုခွံတစ်ခုကို တူးဖော်တွေ့ရှိလေသည်။ ဆက်လက် တူးဖော်ရာမှလည်း ခရုခွံများ ထွက်ပေါ်လာ၍၊ အဆိုပါ ခရုခွံများဖြင့် စေတီတည်ရန် စိတ်အားထက်သန်ခဲ့ သည်။

၁၉၈၂ ခုနှစ်တွင် ဆရာတော် သည်၊ စပ်နူစောမ်စွက်သာရိချောင်ရီယွန် သမ္မဝိပဿနာ တရားစခန်းကို ဖွင့်လှစ် နိုင်ခဲ့သည်။ ထိုင်းဝိပဿနာ တရားစခန်း တွင် သံဃာအဆောင်များ၊ ဘုရားဝတ်ပြု ဆောင်နှင့် ဧည့်သည်များနှင့် လူနာများ နားနေရန် ဧည့်ခန်းမဆောင်နှင့် စား သောက်ဆောင်များ ပါဝင်ပါသည်။ လာ သမျှ လူပရိသတ်အပေါင်း၊ စတုဒိသာ ကျွေးခြင်း၊ တစ်ညတာ အိပ်လိုသူများ အတွက် အဆောင်ထားပေးခြင်း၊ ခေါင်း အုံးမှအစ လိုလေသေးမရှိအောင်လည်း စီစဉ်ထားလေသည်။ ဗုဒ္ဓဟူးနေ့နှင့် အခါ ကြီး ရက်ကြီးများမှလွဲ၍ ဧည့်သည်များ အား ဆရာတော်က နံနက် (၈)နာရီမှ စ၍ တွေ့ခွင့်ပြုထားသည်။ လာသမျှ ဧည့်သည်များအား ဆရာတော်က အခမဲ့ တစ်နေ့ (၃)ကြိမ် ကျွေးမွေးလေသည်။ တစ်ခါတစ်ရံ ဧည့် (၂၀၀)အထိ ကျွေးရ လေသည်။ ဘုရားဝတ်ပြုခြင်း၊ ပရိတ် တရားတော်များ ချီးမြှင့်ပြီးပါက ပရိတ် ရေများကို ဧည့်သည်များနှင့် လူနာများ အား တိုက်ကျွေးချီးမြှင့်လေသည်။ အခမဲ့ ဆေးကုသခြင်းကိုလည်း ပြုလုပ်ပေးပါ သည်။

ဓါတ်စေတီ တဝိုင်စေတီကို ၁၉၈၈ ခုနှစ်တွင်၊ ထိုင်းနိုင်ငံ သာသနာ ရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်ဖြင့် တည် လေသည်။ ခရုခွန်များဖြင့်သာ တည်

ဆောက်ထားသော စေတီတော် ဖြစ်လေသည်။ ဓါတ်စေတီ ဟဝိုင်စေတီသည် အမ်ပိုလာဒ်လမ်တီယို သွားလမ်းပေါ်တွင် တည်ရှိပြီး၊ ပရာသွန်သာနီမှ (၈)ကီလိုမီတာခန့် ဝေးလေသည်။ ဓါတ်စေတီ၊ ဟဝိုင်စေတီ အဝင်လမ်းထိပ်တွင်ကား၊ ဓါတ်ပေါင်းစုံဆရာတော် ဦးသီလဝန္တ တည်ထားပေးခဲ့သော၊ ဉာဏ်တော်အတောင် (၃၀)မြင့်သော စေတီတော် တစ်ဆူရှိလေသည်။ ထို စေတီတော်သည်၊ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ၊ ဓါတ်ပေါင်းစုံဘုရားဝင်းအတွင်း၌ ဓါတ်ပေါင်းစုံဆရာတော်ဘုရား တည်ထားသော (စ ၊ မ) စေတီပုံတူ စေတီဖြစ်လေသည်။ ၁၃၅၀ခု၊ တန်ဆောင်မုန်းလပြည့်နေ့တွင် အပြီးသတ်တည်ထားထီးတော်တင်လှူခဲ့သည်။

## အမေရိကန်နိုင်ငံနှင့် ကနေဒါ နိုင်ငံသို့ တတိယအကြိမ်သာသနာပြုခြင်း။

**(၁၃၅၂-၅၃။ ၁၉၉၀-၉၁ခုနှစ်)**

ဓါတ်ပေါင်းစုံဆရာတော်ဘုရားကြီးသည်၊ အမေရိကန်နိုင်ငံရှိ ရပ်ဆယ်ဝုဖ်ဂျူနီယာ ပင့်ဖိတ်လျှောက်ထားချက်အရ အမေရိကန်နိုင်ငံသို့လည်းကောင်း၊ ကနေဒါနိုင်ငံမှ ဒါယကာ၊ ဒါယကာမများမှ ပင့်ဖိတ်လျှောက်ထားချက်အရ ကနေဒါနိုင်ငံသို့လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်၊ မေလတွင် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့လေသည်။ ထိုင်းနိုင်ငံအရောက်တွင် အမေရိကန်နိုင်ငံသို့ကြွရန် ဒါယကာ ဦးထွန်းဇော်အောင်က ခရီးအစီအစဉ်နှင့် ဝေယျာဝစ္စ တာဝန်ယူခဲ့ပါသည်။ ထိုင်းနိုင်ငံမှတဆင့် အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်၊ ဆီအယ်လ်တယ်လ်မြို့သို့ အရှင်ဦးဝိရန္တနှင့် ဆရာတော့်ဒါယကာအရင်းဖြစ်သူ မောင်ပြည့်သူလင်းတို့နှင့် ရောက်ရှိခဲ့ပါသည်။ ဆီအယ်လ်တယ်မြို့ရှိ ဒါယကာ၊ ဒါယကိမများ ဖြစ်ကြသော ဒေါက်တာ ကျော်ဇော၊ ဒေါ်ခင်ပုလဲနှ၊ ဒေါ်ခင်သူဇာနှ၊ ဦးကျော်ဆွေမိသားစုတို့က ဆွမ်း၊ ကွမ်း၊



*အမေရိကန်နိုင်ငံ ဆီအယ်တယ် လေဆိပ်တွင် ဓါတ်ပေါင်းစုံဆရာတော် အရှင်ဝရိန္ဒနှင့် ဒါယကာလေး မောင်ပြည့်သူလင်းကို တွေ့မြင်ရစဉ်။*



*ကနေဒါနိုင်ငံ "အက်မွန်တန် ရွှေတိဂုံစေတီတော်" ကို ဓါတ်ပေါင်းစုံဆရာတော် ညွှန်ကြားမှုဖြင့် ဒါယကာ ဒေါက်တာကျော်ထွဋ်အောင်က အချောသပ်နေစဉ်။*

ဝေယျာဝစ္စများ လှူဒါန်းဆက်ကပ် ပါမည်။ ဆီအယ်လ်တယ်မြို့မှတဆင့် လော့စ်အိန်ဂျလိစ်ရှိ ဒါယကာ၊ ဒါယကာမများဖြစ်ကြသော ရပ်ဆယ်ဝုဖ်ဂျူနီယာ မိသားစုတို့နှင့် အမေရိကန်နိုင်ငံရှိ ဥပဒကာ၊ ဒါယကာအရင်းများ ဖြစ်ကြသော ဒေါက်တာတ်နှင့် မိသားစုများက ဆွမ်း၊ ကွမ်းနှင့်ဝေယျာဝစ္စများကို ဆက်ကပ်လှူဒါန်းပါသည်။

ဆန်ဖရန်စစ္စကိုမြို့ရှိ ဒါယကာ၊ ဒါယကာမများထံသို့လည်း ကြွရောက်၍ တရားဘာဝနာများကိုလည်း ချီးမြှောက်ခဲ့ပါသည်။

ထို့နောက် ဆန်ဖရန်စစ္စကိုမြို့မှ လော့စ်အိန်ဂျလိစ်မြို့သို့ ပြန်လည်ကြွရောက်ခဲ့ပါသည်။ ကနေဒါနိုင်ငံရှိ ဒါယကာ၊ ဒါယကာမများ ဖြစ်ကြသော ဒေါက်တာကျော်ထွန်းအောင်၊ မိသားစုနှင့် ကနေဒါနိုင်ငံရှိ၊ ကနေဒီယန်း ဒါယကာ၊ ဒါယကာမများက ဆရာတော်အား ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စများကို တာဝန်ယူ ဆက်ကပ်ကြပါသည်။

## ကနေဒါနိုင်ငံတွင် တတိယ စေတီ တည်ထားရခြင်း (အက်မွန်တန် ရွှေတိဂုံ)

ဓါတ်ပေါင်းစုံ


ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သီလဝံသသည် ကနေဒါနိုင်ငံတွင် သီတင်းသုံးစဉ်ကာလအတွင်း၊ တရားဘာဝနာများအားထုတ်စေခြင်း၊ မင်္ဂလာပရိတ်များ ရွတ်ဖတ်သရဇ္ဈာယ်ပေးခြင်း၊ အိရန်လူမျိုး၊ ကနေဒီယံနိုင်ငံသား၊ ဒါယကာ၊ ဒါယကာမများ၏ သားများအား မြင့်မြတ်သော ရှင်သာမဏေအဖြစ် သွတ်သွင်းပေးခြင်း စသည့် သာသာနပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ကျေပြွန်ခဲ့သည့်အပြင် အက်မွန်တန် ရွှေတိဂုံစေတီတော်ကိုလည်း ဘုရားဒါယကာ ဒေါက်တာကျော်ထွန်းအောင်၏ လျှောက်ထားချက်အရ တည်ပေးခဲ့သည်။

ထို့နောက် ၁၉၉၁ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ကြွရောက်ခဲ့ပါသည်။ လမ်းခရီးတွင် ဂျပန်နိုင်ငံသို့ ခေတ္တဝင်ရောက်ခဲ့ပါသည်။

ဓါတ်ပေါင်းစုံ

**ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သီလလဝံသ (မဟာသဒ္ဓမ္မဇောတိကဓဇ) ၏ အမျိုး၊ ဘာသာ၊ သာသနာတော်ကြီးအတွက် ကြိုးပမ်းချက်များကို ရဟန်းရှင်လူ၊ (၇) ရက်သားသမီးများနှင့်တကွ၊ ကမ္ဘာသူ၊ ကမ္ဘာသားများအားလုံးကို ဝမ်းမြောက်အနုမောဒနာခေါ်ဆိုနိုင်ရန် ဤစာအုပ်ကို တင်ဆက်လိုက်ရပါသည်။**

**စီစဉ်တင်ပြသူ**
**ဒေါ်မမစိန်**





*ဓါတ်ပေါင်းစုံ ဆရာတော်ကြီး ဦးသီလဝံသ၏ ကမ္ဘာ့ဗုဒ္ဓ သာသနာပြု ခရီးစဉ်ပြ မြေပုံ။*

## ပင်လယ်ရပ်ခြားတိုင်းတစ်ပါးတွင် ဆရာတော်ဦးသီလဝန္တကြီးကြပ် တည်ဆောက်ခဲ့သော စေတီတော်များ

| တည်သည့်ခုနှစ် | ဘွဲ့တော် | နေရာဒေသ |
|---|---|---|
| ၁၉၅၈ခုနှစ် ဇွန်လ | အမေရိကန် ရွှေတိဂုံစေတီတော် | အယ်လီဂန္နီ၊ နယူးယောက် **အမေရိကန်နိုင်ငံ** |
| ၁၉၈၂ခုနှစ် ဇွန်လ | စကြဝဠာစေတီတော် | ဖွိုင်စီ၊ အိုက်ဒဟို **အမေရိကန်နိုင်ငံ** |
| ၁၉၈၂ ဩဂုတ်လ | ကနေဒါ ရွှေတိဂုံစေတီတော် | ကင်းမောင့်ကွန့်တယ်ရီယို **ကနေဒါနိုင်ငံ** |
| ၁၉၈၂ စက်တင်ဘာလ | ခရစ်တယ်မောင်တင် စေတီတော် | ဂါလီယာဒိုကျွန်း၊ **ဗြိတိသျှကိုလံဘီယာ ကနေဒါနိုင်ငံ** |
| ၁၉၈၂ ဒီဇင်ဘာလ | နယူးဇီလန် ရွှေတိဂုံစေတီတော် | ဝင်ကပက်က **နယူးဇီလန်နိုင်ငံ** |
| ၁၉၈၃ ဇန်နဝါရီလ | ဩစတြေးလျ ရွှေတိဂုံစေတီတော် | အက်ဒလိတ် **ဩစတြေးလျနိုင်ငံ** |
| ၁၉၈၈ ဩဂုတ်လ | အင်္ဂလိပ် ရွှေတိဂုံစေတီတော် | ဝေါဝက် **အင်္ဂလန်နိုင်ငံ** |
| ၁၉၈၈ ဩဂုတ်လ | စမစေတီတော် | ဝါတ်စေတီ **ဟော်လန်၊ ထိုင်းနိုင်ငံ။** |

## ဆရာတော်ဦးသီလဝန္တ (မဟာသဒ္ဓမ္မဇောတိက)

**၁၂၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ ။ 28.6.1912. သောကြာနေ့ ၊ နံနက်၁၀နာရီ၁၅မိနစ်**
**ဝဲကလောင်ရွာ၊ သံဖြူဇရပ် ။ မြောက်လတ္တီတွဒ် ၁၅ံ ၅၉′ ၊ အရှေ့လောင်ဂျီတွဒ် ၉၇ံ ၄၄′ (+၀-၅၆)**




| ဂြိုဟ် | နွေ | လာ | အင်္ဂါ | ဟူး | သော | ကြာ | စနေ | ရာဟု | ကိတ် | ကံ | ဒသာ |
|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီ | ၂ | ၇ | ၃ | ၂ | ၇ | ၂ | ၁ | ၁၁ | ၅ | ၁၀ | ၂ |
| အံသာ | ၁၃ | ၂၇ | ၂၅ | ၂၅ | ၁၄ | ၁၁ | ၆ | ၂၅ | ၂၅ | ၂ | ၈ |
| လိတ္တာ | ၃၃ | ၅၀ | ၅၆ | ၅၂ | ၅၂ | ၂၁ | ၂၉ | ၇ | ၇ | ၄၁ | ၄ |
| နက္ခတ် | ၈ | ၄ | ၄ | ၅ | ၀ | ၈ | ၁ | ၄ | ၃ | ၃ | ၄ |
| ဘုတ္တိ | ၄ | ၅ | ၈ | ၉ | ၈ | ၀ | ၄ | ၈ | ၈ | ၆ | ၅ |

ဆရာကြီး ဦးတင်အောင်〈ရန်ကင်း〉တွက်ချက်ပူဇော်သည်။